လယ်ယာ စီးပွား သတင်း
The Agri-Business News

**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (8-5-2019) အမှတ် (၇၅၄)
www.moai.gov.mm

# မြန်မာနိုင်ငံ ပထမဆုံး တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖဲကြိုးဖြတ် ဖွင့်လှစ်

နေပြည်တော် မေ ၂၃

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့တရားဝင်တင်ပို့ရာတွင် မရှိမဖြစ်လုပ်ငန်းစဉ်တစ်ခုဖြစ်သော တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရသည့် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း (Animal Quarantine Station) မှန်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ စစ်ဆေးရေးစခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မွေးမြူသူတောင်သူများ ထိုက်သင့်သည့်အကျိုးအမြတ်ရရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကျွဲ၊ နွားများတရားပင်တင်ပို့ရောင်းချနိုင်ရန် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/ ၂၀၁၇ ကို ထုတ်ပြန်ပြီး ခွင့်ပြုပေးခဲ့ကြောင်း၊ ရောင်းလိုအားနှင့်ဝယ်လိုအားကို အခြေခံပြီး ကျွဲ၊ နွားများတရားဝင်တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့်အတူ တစ်ဖက်တွင်လည်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိရစ္ဆာန်များကုန်သွယ်မှုပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်းနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများကိုပြုလုပ်ပြီး ထိန်းသိမ်းစောင့်ကြည့်သွားခြင်းဖြင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ (Transboundary Animal Diseases) ကို ထိန်းချုပ်ရန် လိုအပ်လာသဖြင့် ယခုကဲ့သို့ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျွဲနွားများ ပြည်ပသို့ တင်ပို့ရောင်းချရာမှာ တိရစ္ဆာန်ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပွားရလေအောင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ရမည့်လုပ်ထုံး၊ လုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ အမှတ်အသားတပ်ဆင်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စစ်ဆေးပြီးကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ Animal Quarantine Certificate ထုတ်ပေးခြင်းစသည့်လုပ်ငန်းများကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုလို Animal Quarantine Station တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း



စာ - ၂ သို့



## မြေဩဇာကော်မတီ ၂၇ ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၄

**မြေ**ဩဇာတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သုံးစွဲသူတောင်သူလယ်သမားတို့အကြား ဘက်ညီမျှတသော ဈေးနှုန်းနှင့်အရည်အသွေးပြည့်မီရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဈေးကွက်အတွင်းရှိ မြေဩဇာအမျိုးမျိုးတို့ကို စစ်ဆေးကြပ်မတ်ရာတွင် လက်ရှိဖြစ်ပေါ်နေသော ခေတ်စနစ်နှင့်လိုက်လျောညီထွေစွာ စစ်ဆေးဆောင်ရွက်ရမည့်အချက်များ လုပ်ငန်းစဉ်များကို ပြောင်းလဲကျင့်သုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေဩဇာကော်မတီ ၂၇ ကြိမ်မြောက် အစည်းအဝေးတွင် မြေဩဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။ (ပုံ)

စာ - ၂ သို့

## ကရင်ပြည်နယ်တွင် ကိုကိုးသီးနှံ စိုက်ပျိုးရေး ပညာပေး

ဘားအံ မေ ၃၀

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် GMSAEDC တို့ ပူးပေါင်း၍ ကိုကိုးစိုက်ပျိုးထုတ်လုပ်ခြင်း TOT သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က နံနက် ၁၀ နာရီကကျင်းပရာ ပြည်နယ် ဝန်ကြီး ဦးစောမြင့်ဦး၊ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (ပုံ)

စာ - ၁၀ သို့



# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၂၀ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၂၆

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုဆောင်ရွက်ခြင်း မြို့ရွာများဖွံ့ဖြိုးတိုးတက်လာမှု၊ စက်ရုံ၊ အလုပ်ရုံများတိုးချဲ့ဆောက်လုပ်မှုကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာနိုင်သော်လည်း အခြားတစ်ဖက်တွင် လျော့နည်းဆုံးရှုံးသွားသော လယ်ယာမြေများ အစားထိုးဖော်ထုတ်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများမှ စိုက်ပျိုးရေးတည်ငြိမ်မှုရှိလာသောမြေများကို လယ်ယာမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်းနည်းလမ်းအပါအဝင် နည်းပေါင်းစုံဖြင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ လက်ရှိနိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရာမှာ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားကို အဓိကအားထားနေရဆဲဖြစ်ရာ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုခြင်းကို မဖြစ်မနေခွင့်ပြုရမည့်ကိစ္စရပ်များအတွက် အနည်းဆုံးလိုအပ်ချက်ကိုသာ စိစစ်ပြီး ခွင့်ပြုရမည်ဖြစ်ကြောင်း မေ ၂၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၂၀ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် ဖတ်ကြားတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့ကျင်းပသော ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ၂၀ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များက တင်ပြလာသော လယ်ယာမြေဥပဒေပုဒ်မ ၂၈ (က)အရ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနည်းအသုံးပြုနည်း တင်ပြလာသောကိစ္စရပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်ခြင်း မရှိသော်လည်း နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးကဏ္ဍအား အထောက်အကူပြုမည့် လုပ်ငန်းများအတွက် အခြားနည်းသုံးစွဲခွင့် တင်ပြလာခြင်းကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ထုံးပုံကျအပြီးသတ်အမိန့်အရ ဆက်လက်ဆောင်ရွက်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆောင်ရွက်ရမည့်နည်းလမ်း တင်ပြလာသောကိစ္စ၊ မန္တလေး-ရန်ကုန်-ဧရာဝတီတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်များအတွင်း ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေအခြားနည်းအသုံးပြုခြင်းအား အရေးယူဆောင်ရွက်ရန် ပုဒ်မ ၁၉ နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ခန့်အပ်တာဝန်ပေးအပ်သည့် အမိန့်ထုတ်ပြန်နိုင်ပါရန် တင်ပြလာခြင်း ကိစ္စနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်ယာမြေအယူခံမှုများ ကြန့်ကြာမှုမရှိဘဲဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးဆုံးဖြတ်ကြကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး

## နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် အကူအညီတောင်းခံနိုင်ကြောင်း အသိပေးနှိုးဆော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ကျေးရွာများတွင် နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ရေပြတ်လပ်မှု ဖြစ်နိုင်ခြေစာရင်းကောက်ယူခြင်း၊ သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်ရေးဆွဲခြင်းများ ကြိုတင်ဆောင်ရွက်ခဲ့ပါသည်။

စာရင်းကောက်ယူချက်များအရ ၂၀၁၉ ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၉၃ မြို့နယ်၊ ကျေးရွာပေါင်း ၂၀၈ ရွာတွင် ရေရှားပါးပြတ်လပ်နိုင်ခြေ ရှိကြောင်း ခန့်မှန်းသိရှိခဲ့ပြီး ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ ရေသန့်စင်ကားများ၊ ရေသယ်ယာဉ်များ အသုံးပြု၍လည်းကောင်း၊ ရေဖြန့်ဝေရေးဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ အဖွဲ့ အစည်းများနှင့်ပေါင်းစပ်၍ စက်သုံးဆီ ကူညီပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုရှိ မြို့နယ်ပေါင်း ၃၀၊ ကျေးရွာပေါင်း ၇၅ ရွာသို့ ရေဂါလန် ၂၉၅၂၂၀ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ကျေးလက်ရေရရှိရေးလုပ်ငန်းများအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၂၁၇၇ ရွာ၌ ရေပေးရေးလုပ်ငန်းပေါင်း ၂၂၂၁ ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

သို့ပါ၍ မည်သည့် ကျေးရွာများမဆို ရေရှားပါးပြတ်လပ်မှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများသို့ ဖုန်းဆက်သွယ်မှုအပြင် အခြားဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် အချိန်အခါမရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ရှေ့ဖုံး – မြန်မာနိုင်ငံ မှ

ပြောကြားသည်။

တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်ရေးစစ်ဆေးရေးစခန်းဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စစ်ဗျူဟာမှူး၊ အခြေချစစ်ဗျူဟာအဖွဲ့ (ကွတ်ခိုင်)၊ ပြည်သူ့စစ်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း၊ ကွတ်ခိုင်ကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၊ Mini Budget အတွင်း ဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းတစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ကျွဲနွားတင်ပို့မှုများကြောင့် ပြည်တွင်းစားသုံးမှုပမာဏ မထိခိုက်စေရေး၊ နိုင်ငံတွင်းရှိ အရင်းအမြစ်များ မကုန်ခန်းစေရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် ကျွဲ၊ နွားများ တိုးချဲ့မွေးမြူစေရေး၊ မျိုးထိန်းမျိုးမြှင့်ရေး၊ အစာနှင့်စားကျက်လုံလောက်စေရေး၊ မေထုန်မဲ့သားစပ်ခြင်းနှင့် သဘာဝသားစပ်လုပ်ငန်းများ တိုးတက်စေရေးစသည့် လုပ်ငန်းကဏ္ဍများကိုလည်း စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါများ (Trans - boundary Animal Diseases) ကို ထိန်းချုပ်နိုင်ရန်အတွက် ကုန်သွယ်မှုပြုလုပ်နိုင်သော ကျွဲနွားများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ထိန်းသိမ်းထားရှိ၍ လိုအပ်သည့်စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Bliss Myanmar International Co.,Ltd မှ တာဝန်ရှိသူအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး အဆိုပါကုမ္ပဏီမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းဆိုင်ရာ အဆောက်အဦများနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာသောပြည်သူများမှ ဆွေးနွေးတင်ပြလာသည်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) အတွင်း လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး

ရှေ့ဖုံး – မြေသြဇာကော်မတီ မှ

အစည်းအဝေးသို့ မြေသြဇာကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြပြီး ကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကော်မတီ၏လုပ်ငန်းစဉ်များနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

မြေသြဇာကော်မတီသည် စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါသည့် သွင်းအားစုတစ်ခုဖြစ်သော မြေသြဇာများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများပြည့်စုံမှန်ကန်ရေးအတွက် မြေသြဇာနည်းပညာကော်မတီ၏ နည်းပညာပိုင်းဆိုင်ရာ စိစစ်ထောက်ခံအကြံပြုချက်များဖြင့် ဆက်စပ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြေသြဇာတင်သွင်းမှု၊ ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးရောင်းချမှုများတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် ဖြေလျော့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ကျင်းပသော မြေသြဇာကော်မတီ ၂၇ ကြိမ်မြောက် အစည်းအဝေးက မြေသြဇာမှတ်ပုံတင်လျှောက်လွှာ ၃၈၃ စောင်ကို မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

MOALI ပြန်ကြားရေး




တလောက သူငယ်ချင်းလို ခင်မင်ရင်းနှီး ရတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်က "ဆရာရေ – ဒီနေ့ခေတ်မှာ တောင်သူလယ်သမားနဲ့ စိုက်ပျိုးနည်းပညာ ကွာဟချက်က တော်တော်အလှမ်းဝေးနေပြီ၊ လယ်သမားတော်တော်များများဟာ စိုက်ပျိုးရေးနည်းပညာကို မသိကြဘူး ဖြစ်နေတယ်။ ဒါကို ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ကျေးရွာတွေဆင်းပြီး စစ်တမ်းကောက်ယူကြည့်တဲ့အချိန်မှာ ကြုံခဲ့ရတာ"လို့ ပြောလာတာကို ကြားလိုက်ရတော့ စိုက်ပျိုးရေးဌာနနယ်လုပ်ငန်းမှာ နှစ် ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဝန်ထမ်းစိုက်ပျိုးရေးပညာရှင် ကျွန်တော့်အဖို့ ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရပါတယ်။

တကယ်တော့လည်း မြေပြင်လက်တွေ့ အခြေအနေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး သုံးသပ်သလို အမှန်ဖြစ်နေလေတော့ ဘယ်လိုလုပ်သင့်သလဲဆိုတဲ့ အတွေးတစ်ခု ခေါင်းထဲအပြေးဝင်လာခဲ့တာ အမှန်ပါပဲ။

စာရေးသူဟာ အငြိမ်းစားစိုက်ပျိုးရေးပညာရှင်ဝန်ထမ်းဖြစ်လို့ လယ်သမားကြီးများကို စေတနာအပြည့်အဝထားပြီး ယနေ့အထိ စိုက်ပျိုးရေးပညာပေးဆောင်းပါးများကို ဝါသနာအရ ရေးသားနေဆဲပါပဲ။ ထို့အတူ လုပ်နေရတဲ့အလုပ်နဲ့ဆက်စပ်ပြီး အချို့ဒေသတွေက သီးသန့်ဖိတ်ကြားမှုကြောင့် နယ်တွေအထိကွင်းဆင်းပြီး စိုက်ပျိုးရေးနည်းပညာတွေ ဆွေးနွေးဟောပြောပေးရတဲ့အလုပ်ကလည်း မပြတ်ရှိနေဆဲပါပဲ။

ဒီလိုနယ်အစုံစုံ၊ ဒေသအဖုံဖုံကို ခရီးရောက်ရင်း တောင်သူလယ်သမားကြီးများနဲ့တွေ့ရတဲ့အခါမှာ "ကျွန်တော်တို့ နည်းပညာငတ်နေကြပါတယ်၊ ဆရာအနေနဲ့ ခုလိုလာဆွေးနွေးပေးတာ အများကြီးကျေးဇူးတင်ပါတယ်"လို့ ပြောကြဆိုကြပါတယ်။ တောင်သူလယ်သမားကြီးများနဲ့တွေ့တဲ့အခါ "အီးအမ်ဘိုကာရှီအကြောင်း၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ GAP စနစ်အကြောင်း စိုက်ပျိုးရေးမှာ အခြေခံကျတဲ့ တစ်ဇကောဝင်ဆံ့ရမယ့် အပင်အရေအတွက် (စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ) အဲဒီအပင်အရေအတွက်အပြည့်အဝရရှိအောင် အဓိကဂရုပြုရမယ့်နည်းပညာ၊ အပင်အရေအတွက်မပြည့်ရင်ခံစားရမယ့်ဆိုးကျိုးတွေကို စာတွေ့လက်တွေ့ ရှင်းလင်းပြသရပါတယ်။

သီးနှံပင်တိုင်းဟာ ပိုးမွှားရောဂါနဲ့ မကင်းလို့ ဘယ်ပိုးကမိတ်ဆွေပိုး၊ ဘယ်ပိုးက ရန်သူပိုးဆိုတာလည်း သိအောင် ရှင်းပြရပါတယ်။

တစ်ခါက လယ်ကွင်းကျယ်စပါးစိုက်ခင်းတွေကြားထဲမှာ မဏ္ဍပ်ကြီးထိုးပြီး ကျင်းပတဲ့ စိုက်ပျိုးပညာပေးဆွေးနွေးပွဲတစ်ခုကို သွားပြီး ဆွေးနွေးဖြစ်ပါတယ်။

အဲဒီမဏ္ဍပ်ရဲ့မျက်နှာကျက်မှာရော၊ နောက်ခံဘက်ဂဒေါင်းမှာရော ဆစ်ပိုးရဲ့ဖလံအထီးအမတွေဟာ ဖွေးနေအောင် ကပ်နေကြတာကို မဏ္ဍပ်ထဲဝင်လိုက်ကတည်းက စာရေးသူသတိမူလိုက်မိပါတယ်။

ဒီစပါးခင်းတွေတော့ ဆစ်ပိုးက ဒုက္ခလှလှပေးနေပြီလို့ ချက်ချင်းသိလိုက်ပါပြီ။ စာရေးသူက မျက်နှာကျက်နဲ့နောက်ခံမှာ ဖွေးနေအောင် ကပ်နေတဲ့ ပိုးကောင်လေးတွေ၊ ဖလံလေးတွေ လက်ညှိုးထိုးပြပြီး ဒါလေးတွေဟာ ဘာပိုးတွေလဲဗျလို့ မေးခွန်းထုတ်လိုက်တော့ မသိပါဘူး ဆရာလို့ တစ်ပြိုင်နက်တည်း ဖြေကြပါတယ်။

တကယ်တော့ ဆစ်ပိုးဆိုတာ နာမည်ကြီးပြီးသိလွယ်၊ မြင်လွယ်တဲ့ပိုးပါ။ ဒါလေးကိုတောင် မသိကြတော့ ခက်ကုန်ရောပေါ့။

စာရေးသူက ဒီပိုးဟာ လယ်သမားကြီးတို့ရဲ့စပါးခင်းကို အခု ဒုက္ခလှလှပေးနေပြီဖြစ်တဲ့ ဆစ်ပိုးဆိုတာပဲဗျလို့ပြောလိုက်တော့မှ ဟာ–ဟင်–ဒုက္ခပါပဲ။ တို့စပါးခင်းတော့ ကုန်ပါပြီကွာဆိုတဲ့အသံတွေ ဆူဆူညံညံ ထွက်လာပါတယ်။

ဒါကြောင့် တောင်သူလယ်သမားကြီးများနဲ့ စိုက်ပျိုးရေးနည်းပညာ ကွာဟချက်မရှိအောင် ကြိုးစားကြရပါမယ်။

နောက်ဒေသတစ်ခုရဲ့ တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲတစ်ခုမှာတော့ စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယားမြေဩဇာတစ်အိတ်နဲ့မြေဆွေးသုံးအိတ် ယူရီးယားဓာတ်မြေဩဇာလေလွင့်ဆုံးရှုံးမှုနည်းအောင်လို့ တစ်ညသိပ်ရောနှပ်ပြီးမှ ကျွေးရမယ်၊ ယူရီးယားတစ်မျိုးတည်းမကျွေးရဘူးလို့ ဆိုထားတယ်။ ဒီနည်းပညာကိုကော သိကြပါသလား၊ ကြားဖူးကြပါသလား၊ လုပ်ရောလုပ်ဖူးပါသလားလို့ မေးကြည့်ပြန်တော့ မသိဘူးလို့ပဲ ဖြေကြပြန်ပါတယ်။

မြို့ပြနဲ့နီးတဲ့ရွာ၊ လမ်းမကြီးဝဲယာမှာရှိတဲ့ရွာတွေမှာရှိတဲ့တောင်သူလယ်သမားကြီးအနည်းစုလောက်သာ စိုက်ပျိုးရေးနည်းပညာကို တီးမိခေါက်မိရှိလောက်တွေ့ရပါတယ်။ အလှမ်းဝေးတဲ့ရွာတွေက တောင်သူလယ်သမားကြီးအများစုဟာ စိုက်ပျိုးရေးနည်းပညာနဲ့ အလှမ်းဝေးနေပြီး ကွာဟချက်ကြီးမားနေတာ ပပျောက်သွားအောင် ကြိုးစားလုပ်ဆောင်ကြရပါမယ်။

စိုက်ပျိုးရေးနည်းပညာဟာ ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် တတ်မြောက်နေ၊ ကျွမ်းကျင်နေရုံနဲ့ ပန်းတိုင်ကိုမရောက်နိုင်ပါဘူး။ စိုက်ပျိုးရေးပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များက အဆင့်ဆင့်လက်ဆင့်ကမ်းပေးပြီး နောက်ဆုံးကွင်းထဲမှာ လက်တွေ့စိုက်ပျိုးထုတ်လုပ်နေကြတဲ့ တောင်သူလယ်သမားကြီးများလက်ဝယ်အထိရောက်ရှိပြီး လက်တွေ့ကျင့်သုံးနိုင်ကြမှသာ အောင်မြင်မှုရပါတယ်။ တောင်သူလယ်သမားကြီးများလက်ဝယ်သို့ များများရောက်လေ အောင်မြင်လေပါပဲ။

မြန်မာနိုင်ငံမှာ ၁၉၇၄ ခုနှစ်က နိုင်ငံ့ရိက္ခာဖူလုံရေးအတွက် စပါးအထွက်တိုးနည်းပညာ ၁၀ ချက်ကို နည်းပညာသစ်အဖြစ် သွတ်သွင်းပြီး တစ်မြို့နယ်လုံး စပါးအထူးအထွက်တိုးစီမံကိန်းကို ၈၅ မြို့နယ် ဆောင်ရွက်ခဲ့ဖူးပါတယ်။

ထိုစဉ်က အဲဒီစပါးအထွက်တိုးနည်းပညာ ၁၀ ချက်ကို တောင်သူလယ်သမားကြီးများ တစ်ဦးချင်း လက်ထဲအရောက် ကွင်းထဲထိအရောက် နည်းပညာပေးနိုင်ခဲ့ပါတယ်။

တောင်သူလယ်သမားတစ်ဦးချင်းကလည်း အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ အဲဒီ ၁၀ ချက်ကို တစ်ချက်ချင်း ဂဃနဏ ကျွမ်းကျင်စွာ တတ်မြောက်ကြတာ တွေ့ရပါတယ်။ အဲဒီကာလက ဦးဆောင်အဖွဲ့အစည်းနဲ့ ကြီးကြပ်မှု၊ သက်ဆိုင်ရာဌာနများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးပညာရှင်များကိုယ်တိုင် စိုက်ပျိုးရေးပညာပေးစခန်းတွေမှာ နေထိုင်အိပ်စားပြီး တောင်သူလယ်သမားတွေနဲ့ လက်ပွန်းတတီးအနီးကပ်ပညာပေးမှုကြောင့် အောင်မြင်မှုရလဒ်ရရှိခဲ့ပါတယ်။

ဒါကြောင့် အဲဒီမြို့နယ်တွေမှာ မူလစပါးတစ်ဧက တင်း ၄၀ ၊ ၅၀ ထွက်ရှိနေရာကနေ အထူးအထွက်တိုးနည်းပညာကျေးဇူးကြောင့် တစ်ဧကစပါးတင်း ၇၀ ၊ ၈၀ အထိ နှစ်ဆခန့်ပိုမိုထွက်ရှိခဲ့ပါတယ်။

အချို့နေရာဒေသတွေမှာဆိုရင် တစ်ဧကတင်းရာကျော်တောင် ထွက်ခဲ့ပါတယ်။ အဲဒီအကျိုးဆက်အဖြစ် နိုင်ငံရဲ့စပါးအထွက်နှုန်းကလည်း တိုးတက်ပြီး ရိက္ခာဖူလုံရေးကိုလည်း အကျိုးပြုစေခဲ့တဲ့မှတ်တမ်းတွေရရှိခဲ့ပြီ။ ယနေ့အထိ အရှိန်ရရှိနေခဲ့ခြင်းဖြစ်ပါတယ်။

ထိုစဉ်က လယ်/ဆည်ဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက "စိုက်ပျိုးရေးပညာရှင်တွေ တတ်မြောက်ထားတဲ့နည်းပညာတွေ ကျွမ်းကျင်မှုတွေဟာ လယ်ကွင်းထဲက လယ်သမားတွေဆီရောက်၊ ပြီးတော့ လယ်သမားတွေ လက်တွေ့တကယ်ကျင့်သုံးလာအောင် စီမံခန့်ခွဲနိုင်မှသာ ရလဒ်ကောင်းကို ရနိုင်မယ်''လို့ သုံးသပ်ခဲ့ပါတယ်။

စာရေးသူရောက်ရှိဖူးတဲ့နိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာပေးဌာနဆိုပြီး ဌာနကြီးတစ်ခုအနေနဲ့ တည်ထောင်ပြီး စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတာ အားရစရာတွေ့ခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာပေးရေးလုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနက လုပ်ကိုင်လျက်ရှိပါတယ်။ ဒါကြောင့် မအောင်မြင်နိုင်စရာ မရှိပါဘူး။

စိုက်ပျိုးရေးဦးစီးဌာနမှာ တစ်ချိန်က စိုက်ပျိုးရေးပညာရှင်ပေါင်း ၈၀၀၀ ကျော် ပိုလျှံဝန်ထမ်းဆိုပြီး လျှော့ချခံရလို့ မြို့နယ်စိုက်ပျိုးရေးရုံးတစ်ရုံးမှာ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းတစ်ဦးနှစ်ဦးသာ ကျန်ခဲ့တဲ့အဖြစ်နဲ့ကြုံခဲ့ရဖူးပါတယ်။ အဲဒီပညာရှင်ဝန်ထမ်းလျှော့ချခံရတဲ့ဒဏ်ဟာ စိုက်ပျိုးရေးဌာနမှာ နှစ် ၃၀ နီးပါးကြာခဲ့ပါတယ်။ မြို့နယ်တိုင်းမှာ ရှိခဲ့တဲ့ စိုက်ပျိုးရေးနည်းပညာပေးစခန်းတွေကိုလည်း ဖျက်သိမ်းခဲ့ရပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးဌာန စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းတွေနဲ့ တောင်သူလယ်သမားကြီးများ အနေစိမ်းသွားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ပြန်ပြီးအရှိန်ယူနေရသလို ဖြစ်နေပါတယ်။

ဒီခေတ်မှာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကုမ္ပဏီများ ရေပန်းစားလာချိန်မှာ ကုမ္ပဏီတွေက စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးတွေ လုပ်ဆောင်နေကြတယ်ဆိုပေမယ့် ထင်းခွေရင်းရေခပ်ဆိုသလို သူတို့ပစ္စည်းကြော်ငြာရင်း၊ ပညာပေးတာဆိုတော့ ထိရောက်မှုသိပ်မရှိလှတာ တွေ့ရပါတယ်။ သူတို့ပစ္စည်းရောင်းအားကောင်းတဲ့ဒေသလောက်မှာသာ ပညာပေးမှုဆောင်ရွက်တဲ့အတွက်လည်း နိုင်ငံရှိလယ်သမားအားလုံးကို မခြုံငုံမိတာ တွေ့ရပါတယ်။

**နိုင်ငံတကာမှာ စိုက်ပျိုးရေးနည်းပညာ တိုးချဲ့ ပညာပေးရေးလုပ်ငန်း (Agriculture Extension Subject) ဆိုပြီး တခမ်းတနားနဲ့ ဆောင်ရွက်နေကြရာ သင်တန်းတွေပို့ချခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စံပြကွက်၊ သုတေသနစမ်းသပ်ကွက်များ ပြုလုပ်ပြီး တောင်သူလယ်သမားကြီးများအား ခေါ်ယူလက်တွေ့ပြသခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုများမှာတစ်ဆင့် နည်းပညာပေးထုတ်လွှင့်ပေးခြင်း၊ အိုင်တီနည်းပညာနဲ့ နည်းပညာပေးဆောင်ရွက်ခြင်း၊ ဒေသနေရာအနှံ့မှာ သင်တန်းကျောင်းများ၊ သုတေသနစမ်းသပ်ကွက်များ ထူထောင်ပြီး စိုက်ပျိုးနည်းပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် ပုံမှန်ဆောင်ရွက်နေကြတာ တွေ့ခဲ့ရပါတယ်။**

ယခုအခါ မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာအကူအညီနဲ့စိုက်ပျိုးရေးနည်းပညာပေး သင်တန်းကျောင်း အချို့ဆောင်ရွက်နေတာ တွေ့ရပါတယ်။ စိုက်ပျိုးရေးတက္ကသိုလ်နဲ့ သုတေသနဌာနတွေမှာလည်း စိုက်ပျိုးရေးနည်းပညာသင်တန်းတွေ ပညာပေးခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နေတာ တွေ့ရပါတယ်။ အဲဒါတွေကို လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားအများစုကို လွှမ်းခြုံနိုင်အောင် ဆောင်ရွက်သွားကြပါမယ်။ နည်းပညာနဲ့ တောင်သူကွာဟချက်ကို ချိတ်ဆက်ပေးနိုင်တာနဲ့အမျှ အောင်မြင်မှုတွေ ရရှိလာမှာ ဖြစ်ပါတယ်။

သီးနှံတွေအထွက်တိုးဖို့၊ တောင်သူလယ်သမားကြီးများအကျိုးအမြတ်ရှိဖို့၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နည်းပညာဟာ အဓိကသော့ချက်ဖြစ်လို့ နည်းပညာမပါရင် ဆားမပါတဲ့ဟင်းလိုဖြစ်နေမှာ အမှန်ပါပဲ။

ဒါဆိုရင် ဒီကွာဟချက်ကို ဂယောဆက်ပေးနိုင်ဖို့ ဘာတွေပြုပြင်ပြောင်းလဲဖြည့်ဆည်းရမယ်ဆိုသည်ကို အလေးအနက်ထား စဉ်းစားဆောင်ရွက်မည်ဆိုလျှင် အောင်မြင်မှုဧကန်ရရှိလာမှာ ဖြစ်ပါတယ်။ ■

> သီးနှံတွေအထွက်တိုးဖို့ တောင်သူလယ်သမားကြီးများ အကျိုးအမြတ်ရှိဖို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နည်းပညာဟာ အဓိက သော့ချက်ဖြစ်လို့ နည်းပညာမပါရင် ဆားမပါတဲ့ဟင်းလို ဖြစ်နေမှာ အမှန်ပါပဲ။

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# ဉာဏဒါန



မြတ်စိုး(လှိုင်)

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူသောနှစ်က မြို့တော် သတင်းစာတိုက်၏ သတင်းအဖွဲ့ ခေါင်းဆောင်အဖြစ် အန္တိမအဂ္ဂိရျှာပန အခမ်းအနားသို့ တက်ရောက်ခဲ့ရသည်။ အခမ်းအနားကို စစ်ကိုင်းမြို့၊ မင်းကွန်းကျောင်းတိုက်ကြီးအနီး ထန်းနှစ်ပင်ကွင်းကြီးအတွင်း၌ နိုင်ငံတော်က တခမ်းတနား ကျင်းပပေးခြင်းဖြစ်၏။**

ထိုအခမ်းအနားကြီးတွင် ဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သည့် ဩဝါဒအတိုင်း ဒါနသုံးမျိုးကို နေ့စဉ်မြင်တွေ့နေရသည်။

ဆရာတော်ကြီးကို နောက်ဆုံးပူဇော်ခြင်းအဖြစ် ဝတ္ထုငွေကြေးတတ်နိုင်သူ အဆေးအနီးဒကာ၊ ဒကာမများက **ဝတ္ထုဒါန** လှူဒါန်းကြ၏။ ရုပ်ကလာပ်တော် ပင့်ဆောင်ပူဇော်ရာ မဏ္ဍပ်အသီးသီး အပါအဝင်ပူဇော်ရာ နေ့ညပွဲသဘင်များတွင် ရဟန်းတော်များ၊ သီလရှင်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များကလည်း စာပေ၊ ရတု၊ တေးထပ်၊ ကဗျာ၊ ယေင်ကျူးစသည့် ပူဇော်အပ်ရာ ကဏ္ဍအဖြာဖြာတွင် နှုတ်မှုလက်မှုတတ်အစုဖြင့် **ဉာဏဒါန**အဖြစ် နောက်ဆုံးပူဇော်ကြ၏။

ထိုဒါနနှစ်မျိုးအပြင် ဝတ္ထုဒါနနှင့် ဉာဏဒါနတို့တွင် ပါဝင်နိုင်ခြင်းမရှိကြသူများက **ကာယဒါန**အဖြစ် မိမိတို့၏ကိုယ်ကာယစွမ်းအားကို အသုံးပြုကာ ထမင်းချက်၊ ထင်းခွေ၊ ရေခပ်၊ ဧည့်ခံကျွေးမွေး ဆွမ်းပွဲကပ်လှူပူဇော်စသည့် ဝေယျာဝစ္စကိစ္စရပ်မှန်သမျှကို အောက်ခြေသိမ်းလိုလေသေးမရှိ ထောင့်စေ့အောင် ပါဝင်ဆောင်ရွက်ခဲ့ကြ၏။

ထို့ကြောင့် ထိုအခမ်းအနားကြီးမှ **ဒါနသုံးမျိုးအကြောင်း** မိမိကောင်းစွာသဘောပေါက်ခဲ့ရပြီး အခါအခွင့်ကြုံတိုင်းလည်း ထိုသုံးမျိုးအနက် အနည်းဆုံးတစ်မျိုး ဒါနပြုဖြစ်အောင် ကြိုးပမ်းလျက်ရှိပါသည်။

ယနေ့မနက်မှာတော့ **ဉာဏဒါန** တစ်မျိုးကို အမှတ်မထင်ပြုခွင့်ကြုံခဲ့ပါသည်။

× × ×

ကျွန်တော်တို့မိသားစုနေထိုင်သည့် လှိုင်မြို့နယ်၊ အမှတ် ၃ ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးဘေးရှိ ဘုရင့်နောင်စုပေါင်းပိုင်မြေနှင့်အိမ်ယာစီမံကိန်းတိုက်အုပ်စု မြေညီခန်းတစ်ခုတွင် စားသောက်ဆိုင်သစ်ကလေးတစ်ခု မနေ့တစ်နေ့က ပေါ်ထွန်းလာ၏။

နံနက်စာ၊ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆန်ကြော်၊ ဈေးသက်သက်သာသာနှင့် ကောင်းသည်ဆို၍ ယနေ့ နံနက် သွားရောက်အားပေးမိသည်။

ခေါက်ဆွဲကြော်မှာပြီး စားနေစဉ် အနီးတွင် ရပ်နေသည့် အသက် ၃၀ ကျော်အရွယ် ဆိုင်အကူအမျိုးသမီးငယ်က လမ်းမအနောက်ခြမ်းတွင် ဝတ်စုံပြာကလေးတွေနှင့် လုပ်ငန်းခွင်ရှိရာ ဦးတည်၍သွားနေကြသည့်သူနှင့်ရွယ်တူမိန်းမပျိုကလေးများကို ငေးကြည့်ရင်း "အဲဒီအလုပ်သမလေးတွေလို အလုပ်လုပ်ခွင့်ရရင် သိပ်ကောင်းမှာပဲ"ဟု သူ့ဆိုင်ရှင်မကြားအောင် ခပ်ညည်းညည်းအသံကလေးဖြင့် ပြောသံကြားလိုက်ရသည်။

သူသည်ဆိုင်ရှင်မကြားအောင် ကျွန်တော့်ထံမှ အကြံဉာဏ်တောင်းခံလိုသည့်သဘောဖြင့် ပြောလိုက်ကြောင်း အကဲခတ်မိသဖြင့် သူ့အကြောင်းကို အမှတ်မထင်လေ့လာကြည့်မိရာ သူသည် ဆိုင်ရှင်နှင့် ရပ်ဆွေရပ်မျိုးဖြစ်ပြီး ချဲထီလောင်းကစားသမား ယောကျ်ားဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး ၁၃ နှစ် အရွယ်သား (ယခုလက်ဖက်ရည်ဆိုင်စားပွဲထိုးလုပ်နေဟုဆို)နှင့် တတိယတန်းကျောင်းသူသမီးငယ်တို့ကိုခေါ်ကာ ယခုလို ဆိုင်အကူဝင်လုပ်ခဲ့ကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ရသမျှအချိန်ကလေးမှာပဲ သူ့ကိုအကြံကောင်းတစ်ခု ပေးလိုက်မိ၏။

ဆိုင်ရှင်က သူတို့မိသားစုကို အစားကျွေး၊ နေစရာပေးပြီး လခကလည်း ကိုးသောင်းကျပ်ပေးသေးသည်ဆို၏။

ထို့ကြောင့် ရန်ကုန်မြို့လိုနေရာမှာ ယခုလို နေစရာ စားစရာ အဆင်သင့်ရှိနေချိန်မှာ တတ်နိုင်သမျှ ငွေစုရန်၊ တစ်ချိန်တည်းမှာပဲ ယခုထမင်းဆိုင်လုပ်ငန်းကို မိမိကိုယ်ပိုင်လုပ်ငန်းလိုသဘောထားကာ စိတ်ကောင်းစေတနာမှန်ဖြင့် အနစ်နာခံ အပင်ပန်းခံပြီး ချက်ပြုတ်မှုအပါအဝင် ဆိုင်လုပ်ငန်းမှန်သမျှ တကယ်တတ်ကျွမ်းနားလည်အောင် သင်ယူရန်၊ ထို့နောက် စုဆောင်းငွေကလေးကလည်း အရင်းအနှီးပြုလောက်အောင်ရပြီဆိုလျှင် ဆိုင်ရှင်ကိုနားလည်အောင် အကြေအလည် ရှင်းပြကာ ဆိုင်ခွဲတစ်ခုကို **စပ်တူဖြစ်စေ၊ ကိုယ်ပိုင်ဖြစ်စေ** ထူထောင်နိုင်အောင် ကြိုးပမ်းရန် ကိုယ်ပိုင် လုပ်နိုင်တော့မှသာ တကယ်ကြီးပွားနိုင်ကြောင်း၊ တကယ်လုပ်ရင် မဖြစ်နိုင်စရာ မရှိကြောင်း အကြံကောင်းပေးလိုက် မိပါသည်။

စိတ်တွေရှုပ်ထွေးနေသော သူ့ခမျာ ကျွန်တော်ပေးလိုက်သည့် အကြံဉာဏ်ကြောင့် မျက်နှာမှာ ရွှတ်တရက် ဝင်းပသွားသည်ဟု ထင်လိုက်ရပါသည်။

ကျွန်တော့်အဖို့မှာလည်း အကြံဉာဏ်ပေးလိုက်မိခြင်းကို "**ဉာဏဒါန**"တစ်ခုပြုလိုက်ရသလို ခံစားမိရင်း စိတ်လက်ပေါ့ပါးစွာ ဆိုင်ထဲမှ ထွက်ခွာလာခဲ့ပါသည်။ ■

ကျေးလက်ဟာသ

# အထင် နဲ့ အမြင်

**အောင်ကြည်မိုး (ဝဝ်တွေ)**

**မနေ့က ကျွန်တော့်သုံးဘီးဆိုင်ကယ်ကို ယူနီဖောင်းကိုယ်စီဝတ်ထားကြတဲ့ ရဲသားနဲ့ထဘီအနီဝတ် သူနာပြုလင်မယားနှစ်ယောက် အိုဂျီဆေးခန်းသွားချင်လို့ဆိုပြီး ငှားစီးကြတော့ ဟိုတစ်ခါက လင်မယားနှစ်ယောက်အကြောင်းကို ပြန်တွေးမိပြီး ပြုံးမိသွားပါတယ်။**

တစ်ခါတုန်းက အခုလိုပဲ ကျွန်တော့်သုံးဘီးဆိုင်ကယ်ကို လင်မယားနှစ်ယောက် မြို့တစ်ပတ် ဘုရားဖူးငှားစီးကြပါတယ်။ သူတို့လင်မယားဟာ အထက်မြန်မာပြည်ကနေ ရခိုင်ပြည်နယ်ကို ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ကြတာဖြစ်လို့ စစ်တွေမြို့က ဘုရားသမိုင်းတွေကို ကျွန်တော်က လိုက်လံရှင်းပြရင်းရင်းနှီးသွားတော့ သူတို့လင်မယားရဲ့ ဘဝဇာတ်ကြောင်းတွေကိုပါ သိခွင့်ရလိုက်ပါတယ်။

သူတို့လင်မယားနှစ်ယောက်စလုံး အစိုးရဝန်ထမ်းတွေဖြစ်နေကြလို့ မောင်တစ်ရွာ၊ မယ်တစ်မြို့ အကြာကြီးခွဲနေခဲ့ကြရပါတယ်။

လင်ယောကျ်ားက ရယ်ပြီးပြောလိုက်သည်က "ကျုပ်တို့လင်မယားနှစ်ယောက် အတူနေချိန်နည်းခဲ့လို့ ပင်စင်ယူပြီးအသက်ကြီးမှ ထွက်လာတဲ့ ဟန်းနီးမွန်းခရီးဆိုလျှင်ရင်လည်း မမှားဘူးပေါ့ဗျာ"

အိမ်ထောင်သက်တမ်းတစ်လျှောက် သူက မိန်းမကိုတွေ့ချင်လို့ အမျိုးသမီးတာဝန်ကျနေတဲ့မြို့ရောက်သွားချိန်မှာ မိန်းမဖြစ်သူက ညဂျူတီကျနေတဲ့အချိန်နဲ့ကြုံရသလို မိန်းမဖြစ်သူက တစ်ခါတလေ အလည်လာပြန်ရင်လည်း သူက တရားခံဖမ်းဖို့ အခြားတစ်နေရာကို ရောက်နေတာနဲ့ ကြုံခဲ့ရပြန်ပါတယ်။ အဲဒီလို အတူနေချိန်နည်းပါးခဲ့ကြတဲ့ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကိုသိရလို့ ကျွန်တော်စိတ်မကောင်း ဖြစ်သွားမိပါတယ်။

အစိုးရဝန်ထမ်းဘဝဆိုတာ သူ့ဆန်စားရဲ့ရသည် မဟုတ်လား။ ကျွန်တော့်ဦးလေးတို့ လင်မယားဆိုလျှင်လည်း နှစ်ယောက်စလုံး အစိုးရဝန်ထမ်းတွေမဟုတ်လား။ တစ်ယောက်တစ်နေရာစီ အကြာကြီးခွဲနေခဲ့ရလို့ သားသမီးတစ်ယောက်သာ ရရှိခဲ့ကြပါတယ်။ ဒါကိုသိနေလို့ ကျွန်တော်က ဦးလေးတို့ လင်မယားကို နမူနာယူပြီး သူတို့လင်မယားလည်း "အစ်ကိုကြီးတို့ လင်မယားတစ်ယောက်တစ်နေရာစီခွဲနေခဲ့ကြရလို့ သားသမီးများများစားစားယူနိုင်ခဲ့မယ် မထင်ဘူး"ဟု စကားစလိုက်မိရာ ယောကျ်ားဖြစ်သူက "သားသမီးကတော့ ရှစ်ယောက်တောင်ရှိတယ်ဗျ"လို့ ရယ်ရယ်မောမောပြောလိုက်ချိန်တွင် မိန်းမဖြစ်သူမှာ ရှက်ပြုံးကလေးနဲ့ ခေါင်းငုံ့သွားပါတော့တယ်။

"ဩော်–ကြုံမှကြုံတတ်ပလေ" ■



# နိုင်ငံတကာ စိုက်ပျိုးရေးပညာရှင်များ စိုက်ပျိုးရေးသုတေသနဦးစီးဌာန လေ့လာ

နေပြည်တော် မတ် ၁၅

**Michigan State University** မှ ပါမောက္ခ **Dr.Duncan Boughton**၊ မက္ကဆီနိုင်ငံမှ **Dr.Rafael Bujianos Muniz**၊ အာဖရိကမှ **Dr.Dennis Ndolon** နှင့် **Dr.Ruth Mbabazi**၊ အိန္ဒိယနိုင်ငံမှ **Dr.N. Muthukrishnan** တို့ ပါဝင်သော ပညာရှင်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန ပြောင်းနှင့်အခြားနံ့စားသီးနှံ၊ သုတေသနဌာနစု၌ သုတေသနပြုစမ်းသပ် စိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းတွင် ငမြှောင်တောင် (**Fall Armyworm - FAW**)ဘက်စုံကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးရန် ယနေ့ လေ့လာရေးခရီးလာရောက်ကြပြီး ပညာရှင်များ အချင်းချင်း ညှိနှိုင်းဆွေးနွေးကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

**စိုက်ပျိုးရေးပြဿနာ အလျင်အမြန် အဖြေရှာကာကွယ်သွားနိုင်ရန်နှင့် ခေတ်မီတိုးတက်သော နည်းပညာသစ်များ အသုံးပြုဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ**

**Call Center သို့ ဆက်သွယ်ပါ။**

**Facebook, Messenger,**
**Viber-09764000841,**
**Website - www.doa.gov.mm**

# GAP စနစ်ဖြင့် နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင်

**ကြေးမုံ သတင်းစာနဲ့ ဂျာနယ်တစ်စောင်တွင် "နှမ်းနက်(စမုန်)သည် ပြည်ပဈေးကွက်တွင် ဈေးကောင်းရသဖြင့် မကွေးတိုင်းဒေသကြီးတွင် နှမ်းနက် (စမုန်)ကို ဧက ၁၀၀၀၀ GAP စနစ်ဖြင့် စိုက်ပျိုးမည်"ဟူသော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ဒီသတင်းကို ဖတ်လိုက်ရတော့ စာရေးသူ စိုက်ပျိုးရေးပညာရှင်ပီပီ ရင်ထဲခံစားချက်နှစ်ခု ရိုက်ခတ်ခံလိုက်ရပါတယ်။**

ပထမတစ်ချက်ကတော့ တို့နိုင်ငံတော်တော်တိုးတက်လာပြီ။ GAP စနစ်နဲ့တောင် နှမ်းနက် (စမုန်)ကို ဧက ၁၀၀၀၀ ထိတောင် စိုက်ပျိုးလာနိုင်ပြီပဲလို့ ရင်ထဲပီတိဖြစ်တဲ့ခံစားချက်ပါ။ နောက်တစ်ချက်ဆက်ပြီး ခံစားလိုက်မိတာကတော့ GAP စနစ်ဆိုတာ လွယ်လွယ် သမားရိုးကျတော့ လုပ်လို့မရဘူး။ သူ့သတ်မှတ်ထားတဲ့ GAP Protocol အဆင့်တွေ အကုန်ပြည့်မီအောင်လုပ်နိုင်မှသာ GAP စနစ်စစ်စစ်နဲ့ထုတ်လုပ်တဲ့သီးနှံရမှာ ဖြစ်ပါတယ်ဆိုတာပါပဲ။ တစ်နိုင်တစ်ပိုင်ပဲလုပ်ကြဖို့၊ လောဘကြီးပြီး မလုပ်မိဖို့သတိပြုမိကြဖို့ လိုပါတယ်။

GAP Protocol မှာ အဆင့်ဆင့်သော လုပ်ငန်းစဉ်တွေများစွာ ပါဝင်တဲ့အနက် အဲဒီအထဲက အချက်ကလေးတစ်ချက်ကိုပဲ အကြမ်းသဘောနဲ့ အစမ်းနှော၍မေးကြည့်ချင်ပါတယ်။ GAP စနစ်နဲ့ သီးနှံတစ်ခုကို စိုက်ပျိုးထုတ်လုပ်တော့မယ်ဆိုရင် ကနဦးလုပ်ရမယ့်လုပ်ငန်းစဉ်ကတော့ အဲဒီသီးနှံစိုက်မယ့်မြေနဲ့ရေကို အာဟာရဓာတ်များပါဝင်မှု၊ မြေချဉ်ငန်ကိန်း၊ ဓာတု၊ အဏုဇီဝဆိုင်ရာအန္တရာယ်ပြုနိုင်တဲ့ ပိုးများပါဝင်နေတဲ့ မြေ၊ ရေဟုတ်မဟုတ် စတင်ဓာတ်ခွဲစမ်းသပ်ပြီး သတ်မှတ်၊ မှတ်တမ်းပုံစံမှာ တာဝန်ခံနဲ့တကွအတည်ပြုမည့် သူအားလုံး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရမယ်လို့ ဆိုပါတယ်။

အဲဒီနှမ်းစိုက်ပျိုးမယ့် ဧက ၁၀၀၀၀ ကို တစ်ကွက်မကျန် အဲဒီလုပ်ငန်းစဉ်ဆောင်ရွက်ထားပြီးပါပြီလား။ ဧက ၁၀၀၀၀ ကို လုပ်ရမှာဆိုတော့ အချိန်၊ လူအင်အား၊ ပညာရှင်အား၊ ပစ္စည်းအင်အား၊ ငွေကြေးကုန်ကျမှု၊ မှတ်တမ်းပြုစုမှုစတဲ့လုပ်ငန်းတွေဟာ စဉ်းစားကြည့်ရင် လွယ်လွန်းလှတဲ့ လုပ်ငန်းစဉ်တော့ မဟုတ်နိုင်ပါ။ ဒါကတော့ မြေပြင်မှာ လက်တွေ့လုပ်ကြမယ့်ကုမ္ပဏီ၊ အဖွဲ့အစည်းနဲ့တောင်သူလယ်သမားတွေ ကိုယ့်ကိုယ်ကိုအသိဆုံးဖြစ်မယ် ထင်ပါတယ်။

စာရေးသူအနေနဲ့ " GAP စနစ်ကို သမားရိုးကျသဘောမထားဘဲ အလေးအနက်ထား ဆောင်ရွက်ကြဖို့" ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးပါတယ်။ စာရေးသူအပျက်သဘောနဲ့ဝေဖန်နေခြင်းမဟုတ်ပါ။ GAP စနစ်နဲ့လုပ်ပါတယ်လို့ ကြွေးကြော်ပြီးမှ ပြည်တွင်းပြည်ပတတ်သိပညာရှင်များက ထောက်ပြဝေဖန်ခံရလျှင် ရှက်စရာဖြစ်မှာစိုး၍ အပြုသဘောနဲ့ပြောဆိုခြင်း ဖြစ်ပါတယ်။ ဟိုအရင်တလောက မြန်မာနိုင်ငံက ပို့တဲ့ဟင်းသီးဟင်းရွက်သစ်သီးဝလံတွေကို အီးယူနိုင်ငံတွေက ဓာတ်ကြွင်းအာနိသင်သေချာစွာစစ်ဆေးပြီးမှ လက်ခံမယ်ဆိုတဲ့ အဖြစ်အပျက်တစ်ခုကြုံခဲ့ဖူးပါတယ်။ အဲဒီသီးနှံတွေဟာ GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့သီးနှံတွေလို့ ဆိုပါတယ်။

နှမ်းတင်ပို့ရာမှာလည်း နှမ်းနဲ့အလွန်တူတဲ့ကျောက်ခဲသေးသေးလေးများပါလို့ မြန်မာနှမ်းကိုကန့်ကွက်ခံရပြီး ဝယ်ယူရေးရပ်တန့်ခံရတယ်ဆိုတဲ့ အဖြစ်အပျက်လည်း ဆူဆူညံညံလေးဖြစ်သွားခဲ့တာကြုံခဲ့ရဖူးပါတယ်။ **GAP စနစ်နဲ့ဆောင်ရွက်တဲ့ အဓိကသော့ချက်ကတော့ သီးနှံရဲ့ အရည်အသွေးစံချိန်စံညွှန်းအဆင့်မီတယ်ဆိုတာ အာမခံချက်ပေးဖို့နဲ့ သီးနှံများအစားအစာဘေးကင်းလုံခြုံရေးအာမခံပေးဖို့ပဲ ဖြစ်ပါတယ်။** ဒီအဓိကနှစ်ချက်ကို ဆောင်ရွက်ရင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေးနဲ့လုပ်သားများ ကျန်းမာ၍ သာယာသောဘဝရရှိရေးကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဒါကြောင့် သီးနှံများရဲ့အရည်အသွေး စံချိန်စံညွှန်းအဆင့်မီအောင် အာမခံနိုင်ဖို့နဲ့ အစားအစာဘေးကင်းလုံခြုံရေး အာမခံနိုင်ဖို့အတွက် GAP စနစ်ကို ဆောင်ရွက်တဲ့အခါမှာ GAP Protocol အရ သတ်မှတ်ထားတဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တစ်ချက်ချင်းစီကို ပြည့်စုံအောင် သေချာဂရုစိုက်ပြီး အလေးအနက်ထားဆောင်ရွက်မှသာ GAP စနစ်အထမြောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သီးနှံတစ်ခုကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တော့မယ်ဆိုရင် GAP Protocol ရဲ့ သတ်မှတ်ချက်တွေကို ဂဃနဏအတွင်းကျကျ သိရှိနားလည် သဘောပေါက်အောင် ကနဦးလေ့လာဖို့ လိုအပ်ပါတယ်။

ဒါကြောင့် နှမ်းသီးနှံရဲ့ GAP Protocol မှာ ဘာတွေဆိုထားသလဲဆိုတာကို ဆွေးနွေးတင်ပြလိုပါတယ်။ ပထမဦးစွာမြေနဲ့ပတ်သက်လို့ စတင်ဆွေးနွေးလိုပါတယ်။ နှမ်းသီးနှံ GAP စနစ်နဲ့ စိုက်ပျိုးဖို့ ရွေးချယ်ထားတဲ့မြေရဲ့ရာဇဝင်ကို ရှေးဦးစွာ လေ့လာမှတ်တမ်းတင်ဖို့ လိုပါတယ်။ စိုက်ပျိုးဖို့ရွေးချယ်တဲ့မြေဟာ အာဟာရဓာတ်ပါဝင်မှု၊ မြေချဉ်ငန်ကိန်း သီးနှံမှတစ်ဆင့် လူသားတွေကို အန္တရာယ်ဖြစ်မေယ့်ဓာတ်ပစ္စည်း၊ ပြဒါး၊ အာဆင်းနစ်၊ အဏုဇီဝဘက်တီးရီးယားပိုး၊မှို၊ ဗိုင်းရပ်စ်ပိုးတွေပါဝင်မှု ရှိမရှိတို့ကို ဓာတ်ခွဲစမ်းသပ်ပြီး သတ်မှတ်ပုံစံမှာ ရေးသွင်းပြီး တာဝန်ခံနဲ့ အတည်ပြုရမည့်အဆင့်ဆင့်သောပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးထားရပါမယ်။

နှမ်းသီးနှံဟာ ရေမဝပ်တဲ့မြေ၊ သဲနုန်းမြေ၊ မြေနီသဲဝန်း၊ နုန်းစနယ်မြေများမှာ ကောင်းစွာဖြစ်ထွန်းလို့ ရွေးချယ်သင့်ပါတယ်။ မြေချဉ်ငန်ကိန်းကတော့ ၅ ဒသမ ၅ မှ ၇ အထိကို ကြိုက်နှစ်သက်ပါတယ်။ နှမ်းအပင်ပေါက်ဖို့ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်၊ အပင်ကြီးထွားဖို့ ၂၅ ဒီဂရီစင်တီဂရိတ်အထက်၊ နှမ်းအပွင့်ကောင်းစွာပွင့်ဖို့ ၂၄ ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ်ရှိဖို့ လိုအပ်တဲ့အတွက် ရွေးချယ်တဲ့ဒေသရဲ့ မိုးလေဝသအချက်အလက် မိုးရေချိန်၊ နေ့ညအပူချိန်၊ နှင်းကျရောက်မှုအခြေအနေတွေကို ၁၀ နှစ်စာပြုစုလေ့လာပြီး မှတ်တမ်းတင်ထားရှိဖို့လိုအပ်ပါတယ်။

အထက်ပါအတိုင်း အပင်ရဲ့လိုအပ်ချက်နဲ့အနီးစပ်ဆုံးကိုက်ညီတဲ့ မိုးလေဝသအခြေအနေရှိတဲ့ဒေသတွေကို ဦးစားပေးရွေးချယ်သင့်ပါတယ်။ အထူးသတိပြုရမယ့်အချက်ကတော့ ၄၀ ဒီဂရီစင်တီဂရိတ်အထက် ကျော်သွားရင်တော့ သန္ဓေအောင်မှုကို ထိခိုက်နိုင်ပြီး အသီးအောင်နှုန်းနည်းနိုင်ပါတယ်။ ဒီအချက်ကို အထူးသတိပြုဖို့ လိုအပ်ပါတယ်။

နှမ်းသီးနှံအတွက် အသုံးပြုရမယ့် ရေဟာ ကျန်းမာရေးနှင့်စိုက်ပျိုးရေးအတွက် အန္တရာယ်ဖြစ်စေတဲ့ပစ္စည်းတွေမပါဝင်စေဘဲ အရည်အသွေးကောင်းရေ ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ရေရဲ့အရည်အသွေးကို ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးပြီး သတ်မှတ်ပုံစံမှာ ရေးသွင်းကာ တာဝန်ခံနဲ့ အတည်ပြုရမယ့်ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ စိုက်ပျိုးမယ့်မျိုးစေ့ဟာ ပြည်ပပို့ကုန်



ဈေးကွက်ဝင်၊ ဈေးကောင်းရတဲ့မျိုးဖြစ်ဖို့ လိုပါတယ်။ နှမ်းမျိုးစေ့ဟာ အပင်ပေါက်နှုန်း ၈၅ ရာခိုင်နှုန်းအထက်ရှိပြီး မျိုးကောင်းမျိုးသန့်ဖြစ်ဖို့ လိုပါတယ်။ ဒေသရေမြေရာသီဥတုနဲ့ကိုက်ညီပြီး ရာသီဥတုဒဏ်၊ ပိုးမွှားရောဂါဒဏ်၊ မျိုးစေ့ဆောင်ရောဂါကင်းတဲ့မျိုးဖြစ်ဖို့ လိုပါတယ်။ ဒါတွေဟာ ဓာတ်ခွဲခန်းမှာ စစ်ဆေးရမယ့်အချက်တွေဖြစ်ပါတယ်။ ရရှိလာတဲ့မျိုး၊ ရရှိလာတဲ့ဒေသ၊ မျိုးအမည်၊ မျိုးရာဇဝင်၊ မျိုးရဲ့ဗီဇသန့်စင်မှု၊ ရရှိလာတဲ့နေ့ရက်၊ ရရှိလာတဲ့ပမာဏ၊ ထပ်ဆင့်လက်ခံစိုက်ပျိုးမယ့်သူရဲ့ အမည်များကို သတ်မှတ်ပုံစံမှာ မှတ်တမ်းရေးသွင်းပြီး တာဝန်ခံနှင့် အတည်ပြုရမယ့်ပုဂ္ဂိုလ်တွေ လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံဟာ အရည်အသွေးကောင်းမွန်ရေးအတွက် အရေးပါသလို တစ်ဧကအထွက်နှုန်းတိုးတက်ဖို့လည်း အဓိကကျပါတယ်။ ဒါမှလည်း စီးပွားရေးတွက်ခြေကိုက်မှာ ဖြစ်ပါတယ်။ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ၊ ဖြည့်စွက်မြေဩဇာနဲ့ သဘာဝမြေဆွေးများ စနစ်တကျသုံးစွဲရေးတို့ဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်။

အသုံးပြုမယ့်ဓာတ်မြေဩဇာတွေနဲ့ဖြည့်စွက်မြေဩဇာတွေကို ဌာနမှာ တရားဝင်မှတ်ပုံတင်ထားပြီးတဲ့ပစ္စည်းတွေကိုသာ ဝယ်ယူအသုံးပြုဖို့ လိုအပ်ပါတယ်။ ဝယ်ယူရရှိလာတဲ့မြေဩဇာတွေနဲ့ ဖြည့်စွက်မြေဩဇာတွေကိုလည်း ရရှိလာတဲ့ဒေသ၊ အမျိုးအမည်၊ ရရှိလာတဲ့နေ့၊ ရရှိလာတဲ့ပမာဏ၊ ပါဝင်တဲ့ဓာတ်ပစ္စည်းနှုန်းထားစတာတွေကို သတ်မှတ် မှတ်တမ်းပုံစံမှာ မှတ်တမ်းရေးသွင်းပြီး တာဝန်ခံနဲ့အတည်ပြုရမယ့်ပုဂ္ဂိုလ်တွေ အဆင့်ဆင့်လက်မှတ်ရေးထိုးထားရပါမယ်။ ရရှိလာတဲ့ပစ္စည်းများကိုလည်း အမျိုးအမည်အလိုက် သိုလှောင်ရုံမှာ စနစ်တကျသိုလှောင်ထားဖို့ လိုအပ်ပါတယ်။

ကျွဲ၊ နွားတိရစ္ဆာန်အညစ်အကြေးနဲ့ အမှိုက်သရိုက်တွေကို သဘာဝမြေဩဇာအဖြစ် အသုံးပြုရမယ်ဆိုရင် အသုံးမပြုမီသုံးလေးလ ကြိုတင်ပြီး ကောင်းမွန်စွာဆွေးမြည့်အောင် စီမံပြီးမှသာ သုံးစွဲရမှာဖြစ်ပါတယ်။ အဲဒီသဘာဝမြေဩဇာတွေကိုလည်း လူသားတို့အတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်ပိုးတွေပါဝင်မှုရှိမရှိ၊ ဓာတ်ခွဲခန်းမှာ ကြိုတင်ဓာတ်ခွဲစမ်းသပ်မှတ်တမ်းတင်ထားရမှာ ဖြစ်ပါတယ်။




ဓာတ်မြေဩဇာ၊ ဖြည့်စွက်မြေဩဇာနဲ့သဘာဝမြေဆွေးတွေကို အသုံးပြုဖို့ ရောစပ်ရာမှာ စိုက်ပျိုးမြေနဲ့ရေတို့ကို ညစ်ညမ်းမှုဖြစ်စေနိုင်တဲ့ နေရာတွေမှာ မပြုလုပ်မိဖို့ အထူးသတိပြုရမယ်။ ရောစပ်တဲ့အချိုးနှုန်းထား၊ သုံးစွဲတဲ့ပမာဏ၊ သုံးစွဲတဲ့နေ့ရက်တွေကိုလည်း မှတ်တမ်းတင်ထားရှိရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးသုံးဓာတုဆေးတွေနဲ့ အခြားဓာတုပစ္စည်းတွေ အသုံးပြုရာမှာ ဌာနမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ပစ္စည်းများကိုသာ အသုံးပြုရမှာ ဖြစ်ပါတယ်။ တင်းကျပ်စွာတားမြစ်ထားတဲ့ ဓာတုဆေးတွေကို အသုံးမပြုမိဖို့ အထူးသတိပြုရမှာ ဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းကို အသုံးပြုရမှာ ဖြစ်ပါတယ်။

ဝယ်ယူရရှိလာတဲ့ဓာတုဆေးတွေနဲ့ ဓာတုပစ္စည်းတွေကို ရရှိလာတဲ့ဒေသ၊ ရရှိလာတဲ့နေ့၊ ပစ္စည်းအမျိုးအမည်၊ အမျိုးအစားပါဝင်တဲ့ဆေးနှုန်းထား၊ ရရှိလာတဲ့ပမာဏ၊ ဆေးအာနိသင်ပျက်ပြယ်တဲ့ကာလစတာတွေကို သတ်မှတ်ပုံစံမှာ မှတ်တမ်းရေးသွင်းပြီး တာဝန်ခံနဲ့ အတည်ပြုရမယ့်ပုဂ္ဂိုလ်အဆင့်ဆင့် လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။

ဝယ်ယူရရှိလာတဲ့ဓာတုဆေးတွေနဲ့ပစ္စည်းတွေကိုလည်း သိုလှောင်ရုံသီးသန့်မှာ စနစ်တကျသိုလှောင်သိမ်းဆည်းထားဖို့ လိုအပ်ပါတယ်။ ဓာတုဆေးတွေနဲ့ပစ္စည်းတွေကို အသုံးပြုတဲ့အခါ ပိုးသတ်ဆေးဥပဒေ၊ ဓာတ်မြေဩဇာဥပဒေပါအချက်များနဲ့အညီ လူသားတွေကို အသက်အန္တရာယ်မထိခိုက်စေရေးနဲ့သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရေးတို့ကို အထူးဂရုပြုလိုက်နာရမှာ ဖြစ်ပါတယ်။ ဓာတုဆေးတွေနဲ့ ပစ္စည်းတွေ ဖျော်စပ်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း၊ ကိုင်တွယ်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ သိုလှောင်ထားရှိခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော **"ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းလမ်းညွှန်"** ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အခြားဓာတုဆေးတွေနဲ့လောင်စာဆီ၊ စက်ဆီ၊ ချောဆီနဲ့စိုက်ပျိုးရေးသုံးမဟုတ်ဘဲ အခြားဓာတ်ပစ္စည်းတွေကို ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းတွေလုပ်တဲ့အခါ သီးနှံစိုက်ခင်းကို အန္တရာယ်နဲ့ ညစ်ညမ်းမှုမဖြစ်အောင် ဝေးတဲ့နေရာမှာသာ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

နှမ်းသီးရဲ့ GAP Protocol အရ အပင်စိုက်ပျိုးခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်းကို တိကျစွာလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နှမ်းသီးနှံကို စနစ်တကျပြုစုစောင့်ရှောက်ရာမှာ စိုက်ပျိုးစဉ်၊ အပင်ဖြစ်ထွန်းစဉ်၊ ရိတ်သိမ်းခြွေလှေ့စဉ်တွေမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို သေချာစွာဆောင်ရွက်ဖို့ လိုပါတယ်။ နှမ်းသီးနှံကို အရောင်အသွေးအရ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနီညိုဆိုပြီး ခွဲခြားထားပါတယ်။ စိုက်ပျိုးချိန်အရလည်း မိုးကြိုနှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်းဆိုပြီး ခေါ်ဝေါ်ကြပါတယ်။

မိုးကြိုနှမ်းကို ဖေဖော်ဝါရီနဲ့မတ်လမှာ အပြီးစိုက်ပျိုးမှ အထွက်ကောင်းပါတယ်။ ရေသွင်းစိုက်ပျိုးရင် ရေသွင်းနှမ်းလို့လည်း ခေါ်ကြပါတယ်။ အထွက်လည်းပိုကောင်းတာ တွေ့ရပါတယ်။ မိုးနှမ်းကိုတော့ စက်တင်ဘာနဲ့အောက်တိုဘာလလယ်အတွင်း အပြီးစိုက်ပျိုးရတာ ဖြစ်ပါတယ်။ ဗီဇသန့်စင်မှု ၉၈ ရာခိုင်နှုန်းရှိတဲ့မျိုးကိုရွေးချယ်ပြီး မြေဆောင်ရောဂါအတွက် မှိုသတ်ဆေးတစ်မျိုးမျိုးနဲ့ လူးနယ်စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံကို စိုက်ပျိုး၊ အပင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ GAP စနစ်တွေကို ဆောင်ရွက်တိုင်း သတ်မှတ်ပုံစံမှာ ရေးသွင်းပြီး တာဝန်ခံနဲ့ အတည်ပြုရမယ့်ပုဂ္ဂိုလ်တွေက လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။ (ဥပမာ–အပင်သားခွဲခြင်း၊ သားခွဲတဲ့နေ့၊ ပေါင်းလိုက်တဲ့နေ့၊ စိုက်ပျိုးတဲ့နေ့၊ ကျွေးတဲ့ဓာတ်မြေဩဇာအလိုက် ကျွေးတဲ့နေ့၊ ကျွေးတဲ့ပမာဏ၊ ပိုးသတ်ဆေးဖျန်းရင်လည်း ကျရောက်တဲ့ပိုးမွှားအမည်၊ ဆေးအမျိုးအစား၊ ဖျန်းတဲ့နေ့၊ ဖျန်းတဲ့ပမာဏ၊ အကြိမ်၊ ရေလိုအပ်ရင် ရေပေးသွင်းပါက ရေပေးသွင်း တဲ့နေ့၊ အကြိမ်၊ အပင်သက်တမ်းစသည်)။

တစ်ဖန် နှမ်းသီးနှံစိုက်ပျိုးရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိုလှောင်ရုံသီးသန့်ဖြင့် သန့်ရှင်းသပ်ရပ်စွာထားရှိရမှာ ဖြစ်ပါ

စာ – ၇ သို့

# စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးများ မွမ်းမံသင်တန်း မုံရွာမြို့တွင် ဖွင့်လှစ်

**စစ်ကိုင်း မေ ၁**

**စစ်ကိုင်း** တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးများ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းစုချုပ် တွဲဖက်အတွင်းရေးမှူးဦးကြည်ထွန်းတို့က အမှာစကားပြောကြားပြီး ငါးရက်ကြာ သင်တန်းတွင် မြို့နယ် ၂၄ ခုနှင့် တိုင်းဒေသကြီးမှ ဦးစီးမှူးများအပါအဝင် ၄၃ ဦးတက်ရောက်ကြသည်။

တိုင်းဒေသကြီးသမဝါယမဦးစီးဌာန







# လေလုံမျိုးစေ့အိတ်အသုံးပြုမှု နည်းပညာပေးသင်တန်း ရေဆင်းတွင် ဖွင့်လှစ်

**ကမ္ဘာ့** ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်း (Immediate Response Meganism-IRM) အစီအစဉ်ဖြင့် UNOPS မှ ဝယ်ယူတင်သွင်းပေးပို့ခဲ့သည့် တစ်တန်ဝင် လေလုံမျိုးစေ့အိတ်နှင့် ၃၀ ကီလိုဝင် လေလုံမျိုးစေ့အိတ်များ အသုံးပြုပုံနည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး Pioneer Agrobiz ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်ကျော်နှင့် ဖိလစ်ပိုင်နိုင် Grain Pro ကုမ္ပဏီမှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာ Mr.Rhee Cartin တို့က မျိုးစေ့လှောင်အိတ်ဖြင့် စပါးမျိုးစေ့သိုလှောင်ခြင်းနှင့် လေလုံမျိုးစေ့အိတ်သိုလှောင်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယခုသင်တန်းသည် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးများနှင့် ဒုတိယပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မျိုးစေ့တာဝန်ခံများ၊ မျိုးစေ့ခြံ ဦးစီးမှူးများအား လေလုံမျိုးစေ့အိတ်များကို စနစ်တကျ အသုံးပြုနိုင်စေရန်အတွက် နည်းပညာများ ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး စိုက်ပျိုးပညာပေးဝန်ထမ်းများနှင့် မျိုးစေ့ထုတ်တောင်သူများကိုယ်တိုင် ကိုင်တွယ်အသုံးပြုနိုင်စေရန် သင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

စာ - ၆ GAP မှ

တယ်။ ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေနဲ့ ထုပ်ပိုးခွံတွေကို ရောနှောမထားဖို့ သတိပြုရပါမယ်။ ထုပ်ပိုးခွံ အဟောင်းတွေကို လုံးဝပြန်မသုံးမိဖို့ လိုအပ်ပါတယ်။

သီးနှံသိုလှောင်မယ့်ဂိုဒေါင်၊ သိုလှောင်မယ့်အိတ်တွေကိုလည်း မထုပ်ပိုးမီ ပိုးမွှားသန့်စင်ပြီး သေချာစွာထားရှိရမှာဖြစ်ပါတယ်။ သိုလှောင်ရုံအနီးမှာ ကြွက်၊ ငှက်၊ ပိုးမွှားတွေမရှိအောင် ကြိုတင်ရှင်းလင်းသုတ်သင်ထားရပါမယ်။ အဲဒီလိုဆောင်ရွက်ချက်တွေကိုလည်း မှတ်တမ်းပုံစံတွေမှာ ရေးသွင်းပြီး တာဝန်ခံနဲ့အတည်ပြုရမယ့်ပုဂ္ဂိုလ်တွေက လက်မှတ်ရေးထိုးထားဖို့ လိုပါတယ်။

နှမ်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တာဖြစ်လို့ အရည်အသွေးအဆင့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီအောင် ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုအရည်အသွေးအဆင့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီအောင် နှမ်းရိတ်သိမ်းစဉ်မှာ ဂရုပြုရမယ့်အချက်တွေနဲ့ ရိတ်သိမ်းပြီးနောက် သတိမူရမယ့်အချက်တွေကို အလေးအနက်ထား ဆောင်ရွက်ဖို့ လိုပါတယ်။ အဲဒီအဆင့်နှစ်ဆင့်မှာ မျက်ကွယ်ပြုလျစ်လျူရှုထားမယ်ဆိုရင်တော့ အရည်အသွေးဆုံးရှုံးမှုရော၊ စံချိန်စံညွှန်းကျဆင်းမှုပါခံကြရမှာ ဖြစ်ပါတယ်။ အရည်အသွေးဆုံးရှုံးမှု ၄၀ မှ ၆၀ ရာခိုင်နှုန်းအထိ ခံစားကြရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံရဲ့အရည်အသွေးဟာ နှမ်းရိတ်သိမ်းချိန် မှန်ကန်မှုက လွှမ်းမိုးထားပါတယ်။ နှမ်းတစ်ခင်းလုံး ဝါလာချိန် နှမ်းအလယ်သီးတောင့်ကိုခွဲကြည့်ပြီး တစ်ညထားပါက နှမ်းနက်အစေ့အရောင်ပြောင်းပါက ရိတ်သိမ်းမယ်ဆိုရင် အရည်အသွေးကောင်းနှမ်းစေ့ကို ရနိုင်ပါတယ်။ မမှည့်ခင် ရိတ်သိမ်းခြင်းနဲ့နောက်ကျရိတ်သိမ်းခြင်းတို့ကို ရှောင်သင့်ပါတယ်။

နှမ်းကိုရိတ်သိမ်းပြီးပါက ပုံမထားဘဲ ချက်ချင်းထောင်ထားဖို့ လိုပါတယ်။ ချက်ချင်းမထောင်ထားနိုင်ပါက ခပ်ပါးပါးဖြန့်လှန်းပေးထားဖို့ လိုပါတယ်။ ပုံထားရင်တော့ နှမ်းစေ့ အဆီတက်ပြီး အက်စစ်ကိန်းမြင့်တက်စေပါတယ်။ နှမ်းထောင်ထားစဉ် ဒုက္ခပေးတာကတော့ နှမ်းစေ့စုပ်ဂျပိုးပဲဖြစ်ပါတယ်။ ဓာတ်ကြွင်းအာနိသင်နည်းတဲ့ဆေးကိုပဲ အသုံးပြုသင့်ပါတယ်။ GAP စနစ်ကို နှမ်းတစ်ရာသီမှာ သုံးကြိမ်သင်တန်းပေးရပါမယ်။ လုပ်သားကျန်းမာရေး ဂရုစိုက်စစ်ဆေးရပါမယ်။ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ချက်တွေကို သတ်မှတ်ထားတဲ့ မှတ်တမ်းပုံစံတွေမှာ ရေးသွင်းပြီး တာဝန်ခံအတည်ပြုရမယ့်ပုဂ္ဂိုလ်တွေက လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ခြင်းရဲ့ နောက်ဆုံးခရီးဟာ ပြည်ပတင်ပို့ရောင်းချခြင်းဖြစ်ပါတယ်။ ပြည်ပတင်ပို့ရောင်းချမယ်ဆိုရင် အရည်အသွေးအဆင့်မီဖို့နဲ့ သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီဖို့က အဓိကအချက်ပါပဲ။ ဒီနှစ်ချက်လုံးဟာ နှမ်းစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့၊ ကိုင်တွယ်၊ ထုပ်ပိုး၊ သိုလှောင်စတဲ့အဆင့်တိုင်းနဲ့ သက်ဆိုင်နေပါတယ်။ ဒီအဆင့်တွေမှာ GAP Protocol ပါ ဆိုထားချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါတယ်။

အရည်အသွေးအနေနဲ့ ဗီဇမှန်ရမယ်၊ လုံးပြည့်နှမ်း ၉၅ ရာခိုင်နှုန်းကျော် ပါဝင်ရမယ်၊ အရောင်အသွေးတောက်ပရမယ်၊ စံချိန်စံညွှန်းအနေနဲ့အရေးကြီးတဲ့အချက်တွေကိုတင်ပြရလျှင် အစိုဓာတ်ပါဝင်မှု အမြင့်ဆုံး ၈ ရာခိုင်နှုန်း၊ လုံးပိန်လုံးညှပ်ပါဝင်မှု အမြင့်ဆုံး ၆ ရာခိုင်နှုန်း၊ ပရိတင်းဓာတ်ပါဝင်မှု အမြင့်ဆုံး ၁၅ ရာခိုင်နှုန်းအထိ မျိုးကွဲပါဝင်မှု အမြင့်ဆုံး ၀ ဒသမ ၂ ရာခိုင်နှုန်း၊ အက်စစ်ကိန်းပါဝင်မှု အမြင့်ဆုံး ၆ ရာခိုင်နှုန်း၊ အဖျင်းအမှော် ဖုန်၊ ခဲ၊ သလဲ၊ အမှိုက်ပါဝင်မှုအမြင့်ဆုံး ၂ ရာခိုင်နှုန်းစတာတွေ ဖြစ်ပါတယ်။ အမြင့်ဆုံး ခွင့်ပြုထားတဲ့ ဒီစံချိန်စံညွှန်းထက်ပိုပြီး ကောင်းမွန်အောင် ထုတ်လုပ်ကြဖို့ပဲ ဖြစ်ပါတယ်။

သီးနှံတွေကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ရင် Protocol အတိုင်း ဆောင်ရွက်ရတဲ့အဆင့်တိုင်း အဆင့်တိုင်းမှာ သတ်မှတ်ထားတဲ့မှတ်တမ်းပုံစံတွေမှာ ရေးသွင်းပြီး တာဝန်ခံနဲ့အတည်ပြုရမယ့်ပုဂ္ဂိုလ် အဆင့်ဆင့်က လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။ ဒီမှတ်တမ်းကိုလည်း နောက်ကြောင်း ပြန်စစ်ဆေးနိုင်အောင် နှစ်နှစ်ကျော်အထိ သေချာစွာ ထိန်းသိမ်းထားရမှာ ဖြစ်ပါတယ်။ ကဲ–နောင်မှာ သီးနှံတစ်ခုကို GAP စနစ်နဲ့စိုက်ပျိုးထုတ်လုပ်ကြတော့မယ်ဆိုရင် GAP စနစ်စစ်စစ်နဲ့သီးနှံများရရှိအောင် အထက်ပါ GAP Protocol ပေတံနဲ့တိုင်းတာပြီး တိတိကျကျ ဆောင်ရွက်ကြပါလို့ အသိပေးလိုက်ပါရစေ။ ■

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ Japan ODA Loan ဖြင့် ဆောင်ရွက်မည့် Agriculture Income Improvement Project (AIIP) လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Office Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **(က) တင်ဒါပုံစံရောင်းချမည့်ရက်** | – ၂၂.၄.၂၀၁၉ ရက်မှ ၂၁.၅.၂၀၁၉ ရက် (ရုံးချိန်အတွင်း) |
| **(ခ) တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | – ၂၂.၅.၂၀၁၉ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ |
| **(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန်** | – ၂၂.၅.၂၀၁၉ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ |
| **(ဃ) အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** | – ရုံးအမှတ် (၄၃)၊ ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း – ၀၆၇–၄၁၀၀၁၉ နှင့် ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း – ၀၆၇–၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# စိုက်ပျိုးရေးလုပ်ငန်း ပိုမိုအောင်မြင်ရေး အပင်သစ်၊ နည်းပညာအသစ်နှင့် ဆေးဝါးအသစ်များ

ဦးပရက်သိန်းဇေ

ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းများတွင် မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများ သင်ကြားပို့ချရန် တာဝန်ယူရသောအခါ ကျွန်တော့်တွင် ခေတ်မီဓာတ်မြေဩဇာများ၊ သဘာဝမြေဩဇာများမှ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အပင်ဟိုမုန်းများအထိ မျှဝေခဲ့ပါသည်။ ခေတ်မီသွင်းအားစုများနှင့် စိုက်ပျိုးရေးသိပ္ပံအားနည်းသူများအနေဖြင့် အားရဝမ်းသာ လက်ခံကြလိမ့်မည်ဟု ယုံကြည်ခဲ့မိသည်။

သို့သော် စိတ်ထင်နှင့်လက်တွေ့အလွန်ကွာခြားခဲ့ပါသည်။ ပို့ချရန် နာရီအနည်းငယ်သာရသောအခါ မျိုးတွင် ပိုတက်စီယမ်နိုက်ထရိတ် ခေါ် ယမ်းစိမ်းတစ်မျိုးတည်း၏ အသုံးပြုပုံကို တင်ပြပါသည်။ ယင်းပိုတက်စီယမ်မြေဩဇာမှာ ပိုတက်စီယမ်ကလိုရိုက်နှင့်မတူဘဲ ထူးခြားကောင်းမွန်သောအာနိသင်ရှိပုံ၊ ရွက်ဖျန်းမြေဩဇာအဖြစ် အသုံးပြုနိုင်ပုံ၊ ဟိုမုန်းကဲ့သို့ နှိုးဆွသတ္တိရှိပုံ၊ ကြက်မောက်၊ သရက်၊ ငရုတ်စသည့်သီးနှံများ၏ အရောင်အသွေးနှင့် အရည်အသွေးကောင်းဖြစ်ပေါ်စေပုံ၊ စပါး၊ သခွား၊ ခရမ်းချဉ်စသည့် အစေ့များ၊ အညှောက်ပေါက်ရာတွင် လှုံ့ဆော်အားပေးပုံများကို သင်ကြားခဲ့သည်။ ငှက်ပျောကဲ့သို့ ပိုတက်စီယမ်အမြောက်အမြားစားသုံးသောအပင်မျိုးတွင် အလေးထားအသုံးပြုရန်ပါ ဝေမျှခဲ့ပါသည်။

အကယ်၍ ရန်ကုန်မြို့မှ ပိုတက်စီယမ်နိုက်ထရိတ်ကို ဝယ်ယူမည်ဆိုပါက ၅၀ ကီလိုတစ်အိတ်မှ သုံးလေးသောင်းသာပေးရကြောင်း တင်ပြခဲ့သည်။ အကယ်၍ စမ်းသပ်အသုံးပြုမည်ဆိုပါက တစ်ရွာလုံးမှ တစ်အိတ်သာဝယ်ပြီး ခွဲဝေဝယ်ယူ၍ အသုံးပြုနိုင်ပါကြောင်းကိုပါ အကြံပြုတင်ပြခဲ့ပါသည်။

သို့သော် နှစ်ပေါင်း ၁၀ နှစ်၊ နှစ်များစွာကြာညောင်းခဲ့သော်လည်း ငရုတ်စိုက်ခင်းများ၊ ငှက်ပျောစိုက်ခင်းများတွင် ယနေ့တိုင် ထိုမြေဩဇာကို အသုံးမပြုသေးပါ။ သုံးနေကျဖြစ်သောယူရီးယားကိုသာ သုံးလျက်ရှိသည်။ အာနိသင်ပြရာတွင် ယူရီးယားမှာ ပို၍မြန်သောကြောင့် လက်မလွှတ်နိုင်ဖြစ်နေကြသေးခြင်းဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများတွင် ယူရီးယားကဲ့သို့ မြေဩဇာကောင်းတစ်ရပ်ကို အသုံးများခြင်းကြောင့် မည်ရွေ့မည်မျှထိခိုက်နေသည်ကို ယနေ့တိုင်သတိမမူမိကြသေးသည်မှာ အံ့ဖွယ်ဖြစ်သည်။

သမားရိုးကျအသုံးပြုနေသော ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ်ကဲ့သို့သော မြေဩဇာများအပြင် ပို၍အစွမ်းထက်သော အာနိသင်ပြကောင်းသော မြေဩဇာမျိုးကိုလည်း မိတ်ဆက်ပေးခဲ့သည်။ ထိုမြေဩဇာများမှာ သမားရိုးကျမြေဩဇာများထက် ဈေးနှုန်းအနည်းငယ်ပိုသော်လည်း အသုံးပြုသောပမာဏနည်းခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည်။ ဝန်းကျင်ထိခိုက်မှုနည်းသည်။ ဓာတုအဆိပ်သင့်မှုလျော့နည်းစေသည်။ ထိုမြေဩဇာများကို Better Performing Fertilizer BPF ဟုခေါ်သည်။ ကယ်လ်စီယမ် နိုက်ထရိတ်၊ မိုနိုပိုတက်စီယမ် ဖော့စဖိတ်၊ ဒိုင်ပိုတက်စီယမ်ဖော့စဖိတ်၊ ဖော့ဖိုးရစ်အက်စစ်တို့ ဖြစ်သည်။

နိုင်ငံခြားမှတင်သွင်းသော အသင့်သုံးရွက်ဖျန်းမြေဩဇာများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာပြီး စီးပွားရေးအရ အကျိုးများနိုင်ကြောင်း တင်ပြခဲ့သည်။ စိုက်ပျိုးသူများကိုယ်တိုင် ထိုမြေဩဇာဖြင့် ရွက်ဖျန်းမြေဩဇာများ ပြုလုပ်သုံးစွဲပါက ပြည်ပမှတင်သွင်းသော အသင့်သုံးမြေဩဇာများထက် ၈ဆ၊ ၉ဆ သက်သာနိုင်ကြောင်း ဝေမျှခဲ့သည်။



### အပင်သစ်များ

ပုံစံအမျိုးမျိုးဖြင့် အသုံးပြုရန် စိုက်ပျိုးသောအပင်များတွင် ခေတ်ကာလအလျောက် အသစ်အသစ်သော အပင်သစ်များ ပေါ်ထွက်မြဲဖြစ်သည်။ ပြည်တွင်းကျေးရွာ၊ တော တောင်များမှ အပင်သစ်များ ပေါ်ထွက်လာသကဲ့သို့ ပြည်ပမှလည်း အပင်သစ်များထွက်ပေါ်မြဲဖြစ်သည်။ ထိုအပင်သစ်များတွင် မိမိတို့ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့်အပင်မျိုးကို ရှာဖွေစုဆောင်းရန် လိုအပ်သည်။ ပြည်တွင်းတောတောင်များမှလည်းကောင်း၊ တိုင်းတစ်ပါးမှ အပင်တင်သွင်းခြင်းကို Plant Intriduction ဟု ခေါ်သည်။

အပင်သစ်များမှာ အရေအတွက်များများရောင်းချရပါက စီးပွားရေးအရ အကျိုးများများ ရရှိနိုင်ပါသည်။ ပြည်ပမှဆွေမျိုးများ၊ အသိမိတ်ဆွေများ သာမက သုတေသနဌာနများ၊ ရုက္ခဗေဒဥယျာဉ်များ၊ မျိုးစေ့နှင့်ပျိုးပင်ရောင်းသူများထံမှလည်း အပင်သစ်များ ရရှိနိုင်ပါသည်။ အံ့မခန်းအောင် ကြီးထွားနှုန်းကောင်းသော အပင်များ၊ နည်းအမျိုးမျိုးဖြင့် အသုံးပိုတည့်သောအပင်များ၊ သက်တမ်းတိုတိုတွင် အသုံးပြုနိုင်သောအပင်များကို ကမ္ဘာ့နေရာများစွာမှ ရရှိနိုင်ပါသည်။

အကယ်၍ ပျိုးဥယျာဉ်လုပ်ငန်းတစ်ခု၏ အသက်သည် အပင်သစ်ဟုခံယူပါက စိုက်ပျိုးသူအနေဖြင့် အပင်သစ်များကို အမြဲရှာဖွေ အသုံးပြုရန် လိုအပ်ပါသည်။ သမားရိုးကျ အပင်ကောင်းများထက်ပို၍ အကျိုးအမြတ်များရရှိနိုင်မည့်အပင်သစ်များကို ရှာဖွေအသုံးပြုရန် လိုအပ်ပါသည်။

စိုက်ပျိုးရေးဈေးကွက်တွင် ဆေးဝါးသစ်များနှင့် အပင်သစ်များကို ရှာဖွေစုဆောင်းသူများ၊ အထိုက်အလျောက်ရှိသော်လည်း နည်းပညာအသစ်များ ပို၍အစွမ်းထက်သောနည်းပညာများကိုကား ရှာဖွေစုဆောင်းသူ နည်းပါးသည်။ ခေတ်မီတိုးတက်သော အရှိန်အဟုန်ကြီးမားချိန်တွင် အသစ်အသစ်သော ခေတ်မီပစ္စည်းများ၊ လူတို့၏ဝန်းကျင်တွင် အချိန်နှင့်အမျှ ပေါ်ပေါက်နေသော်လည်း အသစ်အသစ်သော နည်းပညာများကိုကား သတိမမူမိကြပေ။

တိုးတက်သောနိုင်ငံကြီးများတွင် လေ့လာခွင့်ရသောသူများအနေဖြင့် မိမိတို့ဘဝနှင့်ဆီလျော်မှုမရှိသော နည်းပညာများကို ယူလာတတ်သည်။ လွယ်ကူသောဥပမာပြရလျှင် ဂျက်လေယာဉ်ပျံမောင်းတတ်သောပညာကိုသင်ခဲ့ပြီး မိမိတိုင်းပြည်ရှိ ထော်လာဂျီကို ပြန်မောင်းရသော အနေအထားဖြစ်သည်။ ထော်လာဂျီကို ဂျက်လေယာဉ်ကဲ့သို့ မောင်းခြင်းမှာ ဆီလျော်နည်းပညာဖြစ်မလာပါ။ ဤသို့ဖြင့် ဂျက်လေယာဉ်လည်းမရှိ၊ ထော်လာဂျီလည်း ကောင်းကောင်းအသုံးမပြုတတ်သော အလားတူအဖြစ်မျိုးကို မြန်မာ့စိုက်ပျိုးရေးလောကတွင် တွေ့နေရသည်။ ဓာတ်ခွဲခန်းအတွင်း အပင်များကို အခြေခံကျကျမလေ့လာဘဲ လူပြိန်းအမြင်ဖြင့်ပြန်၍ စိုက်ပျိုးခြင်းမှာ အောင်မြင်မှုနှင့်ဝေးကွာခြင်းမှာ အဆန်းမဟုတ်ပါ။ လက်လှမ်းမမီနိုင်သော အတတ်ပညာ၊ နည်းပညာများမဟုတ်ဘဲ မြန်မာ့သဘာဝဝန်းကျင်ရှိ သယံဇာတများဖြင့် လွယ်ကူရိုးရှင်းသောနည်းပညာဖြင့် အသုံးပြုနိုင်သော နည်းပညာများစွာ ရှိနေပါသည်။

သို့သော် စိုက်ပျိုးသူအချို့က ခက်ခဲရှုပ်ထွေးသော နည်းပညာများကိုသာ တန်ဖိုးထားလိုကြသည်။ သာမန်စိုက်ပျိုးသူများ လက်လှမ်းမမီနိုင်သော နည်းများမှာ လက်တွေ့အကောင်အထည်ဖော်ရန် မလွယ်ကူလျှင် ဖယ် သင့်သောနည်းပညာများသာ ဖြစ်ပါသည်။

### ခတ်ခိုမန်-ဂျပန်ပဲငံပြာရည် ဥပမာ

ခတ်ခိုမန်-ဂျပန်ပဲငံပြာရည်မှာ ဂျပန်ပြည်၌သာမက ကမ္ဘာ့အရပ်ရပ်က တန်ဖိုးထားအသုံးပြုနေသော ပဲငံပြာရည်ဖြစ်သည်။ ထိုလုပ်ငန်း၏ ပိုင်ရှင်က ဂုဏ်ယူပြောဆိုသော စကားတစ်ရပ်မှာ ထင်ရှားသည်။ ဤကမ္ဘာတွင် မိမိတို့မှာ ကဖော်ဖောက်ခြင်း (Femen tation) လုပ်ငန်းကို အကျွမ်းကျင်ဆုံးဖြစ်၍ ဘီယာချက်လုပ်ရောင်းချခြင်း မပြုပါ။ ခတ်ခိုမန်ပဲငံပြာရည်ကိုသာ ချက်လုပ်သည်ဟုဆိုသည်။ အချို့သော ဂျပန်သန်းကြွယ်သူဌေးကြီးများပင် ထိုအဖိုးတန်ပဲငံပြာရည်ကို အလေအလွင့်မရှိအောင် တန်ဖိုးထားအသုံးပြုကြသည်။ ဂျပန်နိုင်ငံမဟုတ်သော တိုင်းပြည်များစွာတွင် ပဲငံပြာရည်များပြုလုပ်သုံးစွဲနေပါသည်။ ခတ်ကိုမန်ပဲငံပြာရည်လောက် အရည်အသွေး မပြည့်မီသော်လည်း စားသုံး၍ရပါသည်။

### ထိုင်းနိုင်ငံလုပ် နမ်ပငံပြာရည်ဥပမာ

အာရှတိုက်နိုင်ငံတစ်ခုတွင် ငါးမှထုတ်လုပ်သောငံပြာရည်ကိုယ်စီရှိကြသည်။ တန်ဖိုးမကြီးသော ငါးကလေးများကို ဆားဖြင့်ပေါင်းစပ်ပြီး ငံပြာရည်ထုတ်သည်။ စစ်ဖတ်ကို နောက်ထပ်သုံးကြိမ်တိုင် ငံပြာရည်ဆက်ထုတ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးဆန်လွန်းသောငါးငံပြာရည်သာ ဖြစ်သည်။ သို့သော် အနံ့အရောင်အသွေးနှင့်ထုပ်ပိုးပုံ ခေတ်မီ၍ ကမ္ဘာအရပ်ရပ်တွင်ကျယ်စွာ ရောင်းချနေရသည်။ ထိုင်းနိုင်ငံ၌ပင် မိသားစုတစ်ခု တစ်လလျှင် နမ်ပငံပြာရည်နှစ်ပုလင်း အသုံးပြုလျက်ရှိသည်။

မြန်မာပြည်ရှိ မြိတ်၊ ထားဝယ်ဒေသ၌လည်းကောင်း၊ ရခိုင်ဒေသမှလည်းကောင်း၊ နမ်ပငံပြာရည်ထက် အရည်အသွေးကောင်းသော၊ ငါးငံပြာရည်များ ရှိနေပါသည်။ ထိုငံပြာရည်များ ဈေးကွက်တွင် မတွင်ကျယ်ရခြင်းမှာ တင်ဆက်မှုများ ကွာခြားခြင်းကြောင့်သာ ဖြစ်ပါသည်။

မြန်မာ့သဘာဝသယံဇာတများကို အသုံးပြုပြီး သီးနှံပင်များအား အစာကျွေးခြင်း၊ ရောဂါပိုးမွှားကာကွယ်သောပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကဲ့သို့သော ဖိစီးမှုများကို ဖြေလျော့နိုင်သော ပစ္စည်းများစွာကို ကုန်ကျစရိတ်သက်သာစွာ ဖြင့် ထုတ်လုပ်အသုံးချနိုင်ပါသည်။

အကယ်၍ ထိုကဲ့သို့သော သဘာဝသယံဇာတများနှင့် ဆီလျော်သောနည်းပညာများကို အသုံးပြု၍ ကောင်းမွန်သောစိုက်ပျိုးရေးသွင်းအားစုအမျိုးမျိုးကို ထုတ်လုပ်နိုင်ပါက မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘာ့စိုက်ပျိုးရေးဈေးကွက်တွင် အလားအလာကောင်းများ ရရှိနိုင်ပါသည်။ အသုံးပြုရသောတန်ဖိုးထက် အဆမတန်ဈေးကြီးသော စိုက်ပျိုးရေး၊ သွင်းအားစုများကို ပြည်ပမှတင်သွင်းအသုံးပြုခြင်းကြောင့် ပြိုင်ဆိုင်မှုကြီးမားသော ကမ္ဘာ့စိုက်ပျိုးရေးဈေးကွက်တွင် မြန်မာ့ထွက်ကုန်များ ချည့်နဲ့နေဦးမည်သာ ဖြစ်သည်။

ယနေ့စိုက်ပျိုးနေသော သီးနှံအမျိုးမျိုးသည် ပို၍ကောင်းမွန်သော အပင်သစ်များကို စိုက်ပျိုးသူများက တင်သွင်းရန် လိုအပ်သည်။ အလားတူပင် ဓာတ်မြေဩဇာများ၊ စိုက်ပျိုးရေးဓာတုဆေးဝါးများတွင် ပို၍ အကျိုးရှိမည့်ဆေးဝါးများကို တင်သွင်းရန် လိုအပ်သည်။ အဝိုင်းကိုလေးထောင့်နှင့်စွပ်သကဲ့သို့ မဆီလျော်သည့်နည်းပညာများထက် မြန်မာတို့၏ အခြေအနေနှင့်လိုက်လျောညီထွေရှိမည့် နည်းပညာများကို ရှာဖွေအသုံးပြုရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

အကယ်၍ စိုက်ပျိုးသူများအနေဖြင့် အစွမ်းပိုထက်သောအပင်သစ်များ၊ အာနိသင်ပြပိုကောင်းသော ဓာတ်မြေဩဇာနှင့်ဆေးဝါးများသာမက ဆီလျော်သော နည်းပညာများကို မိမိတို့စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနိုင်ပါက အောင်မြင်မှုကို အချိန်တိုအတွင်း မလွဲမသွေ ရရှိမည်သာ ဖြစ်သည်။

လျင်မြန်သောနှုန်းထားဖြင့် ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့စိုက်ပျိုးရေးတွင် အဖိုးတန်အပင်သစ်များ အစွမ်းထက်သောမြေဩဇာများနှင့်ဆေးဝါးများ ရိုးရှင်းပြီး မြန်မာတို့၏ သဘာဝနှင့်ဆီလျော်သော နည်းပညာများ လက်တစ်ကမ်းတွင် ရှိနေပါလျက် မြန်မာ့စိုက်ပျိုးသူအများနှင့်ထိုအရာများ ကင်းကွာနေခြင်းမှာ ကျိန်စာသင့်ခြင်းဟု ဆိုရမလိုဖြစ်နေသည်။ ■



## ဖိလစ်ပိုင် ရေရှားသီရေပြတ်လပ်မှု အခြေအနေဆိုးရွား

**ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်နေရာအချို့တွင် နွေရာသီရေပြတ်လပ်မှု ရှိလာပြီး ယင်းအခြေအနေသည် မာကာတီမြို့၏ အဓိကကျသော စီးပွားရေးလုပ်ငန်းခရိုင်သို့ပါ ပျံ့နှံ့လာသည့်အတွက် ဖိလစ်ပိုင်လွှတ်တော်က အခြေအနေကို အတွင်းကျကျ စုံစမ်းစစ်ဆေးသွားမည်ဟု မနီလာမြို့ ဘလွန်းဘတ် သတင်းဌာနက သတင်းရေးသားလိုက်သည်။ သက်ဆိုင်ရာတာဝန်ရှိသူတို့၏ ခန့်မှန်းချက်အရ ယင်းရေပြတ်လပ်မှုသည် မိုးမရွာမချင်း လအတန်ကြာဖွယ် ရှိကြောင်း သိရသည်။**

၂၀၁၉ မတ် ပထမရက်သတ္တပတ်မှ အစပြု၍ မနီလာဝါးတားရေဖြန့်ဖြူးရေး ကုမ္ပဏီသည် ၎င်းထံမှဝယ်ယူသုံးစွဲနေကြသူများကို ရေများအလုံအလောက်မပေးနိုင်တော့ဟု သိရသည်။

မြို့တော်ဒေသ၏ ထက်ဝက်ခန့်ကို ရေများဖြန့်ဖြူးပေးနေသည့် မနီလာဝါးတားရေကုမ္ပဏီမှ တာဝန်ရှိသူတို့က ရေများကို ပုံမှန်ရရန်အတွက် မိုးကို မျှော်နေရသည်ဟု ပြောလိုက်သည်။

ဖိလစ်ပိုင်တွင် ရေများခန်းခြောက်မှုသည် မြို့ကြီးအချို့တွင်သာမက ကျေးလက်ဒေသအချို့တို့၌ပါ ကြုံတွေ့ရခြင်းဖြစ်၏။

ရေပေးဝေမှုကို နာရီအလိုက်သာ ခွဲတမ်းချ၍ပေးနေရ၏။ ကျေးရွာအချို့တွင် ရေများလုံးဝပြတ်လပ်မှုများ ရှိသည်ဟုလည်း သိရ၏။

ဖိလစ်ပိုင်အစိုးရသည် နွေရာသီရေပြတ်လပ်မှုမရှိရန် တရုတ်အကူအညီဖြင့် ရေကာတာကြီးတစ်ခုကို ဆောက်လုပ်နေသလို ဖိလစ်ပိုင်ကုမ္ပဏီကြွယ်သူဌေးကြီးရာဂွန်ကလည်း ရေကာတာကြီးတစ်ခုကို ဆောက်လုပ်လှူဒါန်းမည်ဟု သိရသည်။

ဖိလစ်ပိုင်ရေကာတာကြီးတစ်ခုမှာ နှစ်နှစ်အတွင်း ရေအနည်းဆုံး အခြေအနေသို့ ရောက်ရှိနေ၏။

**(စထရိတ်တိုင်းမ်စ် ၁၅.၃.၁၉)**

## ကလေးသူငယ်များ ဝက်သက်ရောဂါကြောင့် ရာနှင့်ချီ သေဆုံး

**အိန္ဒိယ သမုဒ္ဒရာရှိ ကျွန်းတစ်ကျွန်းဖြစ်သော မာဒါဂါးစကားကျွန်းတွင် ဆယ်စုနှစ်များအတွင်း အဆိုးဝါးဆုံးဖြစ်သော ဝက်သတ်ရောဂါဖြစ်ပွားမှုကြောင့် ကလေးများထောင်နှင့်ချီ၍ သေဆုံးနေကြရကြောင်း ရိုက်တာသတင်းဌာနက သတင်းရေးသားထားသည်။**




ဝက်သက်ရောဂါသည် ဆင်းရဲသော နိုင်ငံအချို့တွင်သာမက ချမ်းသာသော နိုင်ငံအချို့တွင်ပါ ပြန်လည်ဦးမော့လာ၏။ ဥပမာ–ချမ်းသာသောနိုင်ငံများစာရင်းတွင် ပါသည့် အမေရိကန်နှင့် ဂျာမနီနိုင်ငံ၌လည်း ဝက်သက်ရောဂါဖြစ်ပွားမှုများ ရှိလာ၏။

ဤသို့ဖြစ်ရခြင်းမှာ ကျန်းမာရေး ဗဟုသုတမရှိသော အချို့မိဘများသည် ကလေးများကို ဝက်သက်ရောဂါ ကြိုတင်ကာကွယ်ဆေးများ ထိုးမပေးသောကြောင့်ဖြစ်၏။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင် မာဒါဂါးစကားကျွန်းနေ မိဘအချို့သည် ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးသော ဆေးရုံဆေးခန်းများသို့သွားရန် ဝန်လေးသလို ဆေးရုံဆေးခန်းများ၌လည်းဝက်သက်ရောဂါကာကွယ်ဆေး အလုံအလောက်မရှိသောကြောင့် ဆေးမထိုးရသောဖြစ်ရပ်နှင့်ကြုံကြရ၏။ အချို့ဆေးများမှာ ရက်လွန်နေ၏။

ဆင်းရဲလွန်းသော အချို့မိဘများသည် ဝက်သက်ရောဂါဖြစ်သော ကလေးများကို ရှေးရိုးစွဲတိုင်းရင်းဆေးများဖြင့် ကုသကြ၏။

၂၀၁၈ ခုနှစ် အောက်တိုဘာမှစ၍ မာဒါဂါးစကားကျွန်းဒေသအချို့တွင် ဝက်သက်ရောဂါကြောင့် ကလေးများသည် ထောင်နှင့်ချီ၍ သေဆုံးမှုရှိလာ၏။

ဝက်သက်ရောဂါပိုးသည် မျက်လုံးကန်းသွားခြင်း၊ ဦးနှောက်ရောင်ခြင်း၊ နမိုးနီးယားဖြစ်ခြင်းတို့ကို ဖြစ်စေသည်သာမက နောက်ဆုံး၌ အသက်ကိုပါ ထုတ်ယူသွား၏။ ဝက်သက်ရောဂါသည် အလွန်ကူးစက်မြန်၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ အစီရင်ခံစာတစ်ခုတွင် ၂၀၁၇ နှစ်အတွင်း ကမ္ဘာတစ်ခွင်လုံး၌ ဝက်သက်ရောဂါကြောင့် လူပေါင်း ၁၁၀၀၀၀ ခန့် သေဆုံးခဲ့ပြီး အသေအများဆုံးမှာ အသက် ငါးနှစ်အောက် ကလေးသူငယ်များ ဖြစ်သည်ဟု ဆို၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ ၂၀၀၀ မှ ၂၀၁၇ အတွင်း ဝက်သက်ရောဂါကာကွယ်ရေးထိုးဆေးသည် ကမ္ဘာတစ်ခွင်ရှိ လူပေါင်း ၂၁ ဒသမ ၁ သန်း၏ အသက်ကို ကယ်ဆယ်ခဲ့သည်ဟု သိရသည်။

**(ဘန်ကောက်ပို့စ် ၉.၃.၁၉)**

## လိပ်မျိုးစုံ အကောင် ၁၅၀၀ ကျော် ဖိလစ်ပိုင်လေဆိပ်တွင် ဖမ်းဆီးရမိ

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် လိပ်ငယ်မျိုးစုံ အရှင်ကောင်ရေ ၁၅၀၀ ကျော်ကို လေယာဉ်စီးခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်ကြီး အတွင်းမှ ဖမ်းဆီးရမိလိုက်သည်ဟု ဖော်ပြသည်။**

ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၏ ခရီးဆောင်အိတ်ကြီးကို လေဆိပ်လုံခြုံရေးဝန်ထမ်းများက ရှာဖွေစစ်ဆေးရာမှ ခရီးဆောင်အိတ်ကြီးအတွင်း အဝတ်အထည်များအကြား၌ လျှို့ဝှက်သယ်ယူလာသော လိပ်ငယ်အရှင်များကို ဖမ်းဆီးရမိလိုက်ခြင်းဖြစ်သည်။ အချို့လိပ်ငယ်များမှာ ၎င်းတို့၏ခြေလက်များမလှုပ်နိုင်အောင် တိတ်ကြီးများဖြင့် ရစ်ပတ်ထားခြင်း ခံထားရ၏။



အဆိုပါ လိပ်ငယ်အရှင်များကို တရားမဝင်သယ်ဆောင်လာသော ဖိလစ်ပိုင်နိုင်ငံသားမှာ ဟောင်ကောင်မှ လိုက်ပါလာသောခရီးသည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး အဆိုပါခရီးသည်သည် လေဆိပ်လုံခြုံရေးဝန်ထမ်းများက သူ့ကို ခေါ်ယူစစ်ဆေးရန် စီစဉ်နေစဉ်မှာပင် လေဆိပ်ထဲမှ ထွက်ပြေးသွား၏။ သို့သော်လည်း လျှို့ဝှက်တပ်ဆင်ထားသည့် စီစီတီဗွီကင်မရာမှတစ်ဆင့် ရိုက်ယူထားနိုင်သည့်အတွက် တရားခံကို ဖမ်းဆီးရမိရေးအတွက် အထောက်အထားရရှိထားပြီဟု ဆိုသည်။

ဖမ်းဆီးရမိလိုက်သော လိပ်ငယ်အရှင်စာရင်းအတိအကျမှာ ၁၅၃၀ ကောင်ဖြစ်၏။ အဆိုပါလိပ်ကောင်ရေ စုစုပေါင်း၏ ကာလပေါက်ဈေးမှာ ပီဆိုငွေ ၄ ဒသမ ၅ သန်းခန့်ဖြစ်ပြီး အလွန်ရှားပါးသော အိန္ဒိယကြယ်လိပ်များ ပါဝင်၏။

အချို့လူများသည် လိပ်ငယ်များကို နေအိမ်များအတွင်း၌ မွေးထားလေ့ရှိသည့်အတွက် လိပ်မှောင်ခိုလုပ်ငန်းသည် ရှင်သန်နေခြင်းဖြစ်သည်ဟု သိရ၏။

ဖိလစ်ပိုင်နိုင်ငံသည် သားရိုင်းတိရစ္ဆာန်များကို မှောင်ခိုအရောင်းအဝယ်ပြုလုပ်ရာ ကြားစခန်းတစ်ခုဖြစ်လာသည်မှာ ကြာပြီဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထား၏။

ဖိလစ်ပိုင်နိုင်ငံဥပဒေအရ ထိုသို့ သားရိုင်းတိရစ္ဆာန်များကို မှောင်ခိုရောင်းဝယ်သူအား ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်ကြောင်း သိရသည်။

**(စထရိတ်တိုင်းမ်စ် ၆.၃.၁၉)**

## လေထုညစ်ညမ်းခြင်းကြောင့် ကမ္ဘာတစ်ခွင် လူ ခုနစ်သန်းခန့် နှစ်စဉ် သေဆုံးနေ

**လေထုညစ်ညမ်းခြင်းသည် အကြီးမားဆုံးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ဆိုးကြီးဖြစ်ပြီး ၎င်းသည် နှစ်စဉ် ကမ္ဘာတစ်ခွင်၌ လူပေါင်းခြောက်သန်းမှသည် ခုနစ်သန်းအထိ အချိန်မတိုင်မီ သေဆုံးစေခြင်းကို ဖြစ်စေပြီး ငွေကြေးအနေဖြင့်လည်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ ထရီလီယံဖိုးခန့် ဆုံးရှုံးစေသည်ဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။**

နိုင်ငံပေါင်း ၇၀ မှ သိပ္ပံပညာရှင် ၂၅၀ တို့ စုပေါင်းပြုစုထားသော ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အမြင် အစီရင်ခံစာတွင် လေထုညစ်ညမ်းမှုနှင့် အခြားညံ့ဖျင်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေသည် နှလုံးပိုင်းဆိုင်ရာနှင့် အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ရောဂါများကို ဖြစ်စေပြီး ကမ္ဘာတွင် နှစ်စဉ်ဖြစ်ပွားနေသောရောဂါများအားလုံးနှင့် အချိန်မတိုင်မီ သေဆုံးရခြင်းများ၏ လေးပုံတစ်ပုံမှာ ဖော်ပြပါအကြောင်းရင်းကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတွင် လူသေဆုံးမှုသည် ၂၀၁၀ မှ ၂၀၁၆ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်းအထိ တိုးလာ၏။



လေထုညစ်ညမ်းမှုကြောင့် အာရှ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ၌ လူသေဆုံးမှုတိုးလာကာ အနောက်ဥရောပနှင့် မြောက်အမေရိကတွင် လူသေဆုံးမှု လျော့ကျလာသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့အချို့နိုင်ငံများသည် လေထုမညစ်ညမ်းရန် ကြိုးစားဆောင်ရွက်နိုင်သော်လည်း အလေးမထားသော အိမ်နီးချင်းနိုင်ငံများကြောင့် လေထုညစ်ညမ်းမှုဒဏ်ကို ဆိုးဆိုးရွားရွား ခံနေရ၏။

ကုလသမဂ္ဂ၏ အဆိုပါအစီရင်ခံစာထဲ၌ပင် ရေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူပေါင်း ၁ ဒသမ ၄ သန်းခန့်သည် သေချိန်မတိုင်သေးဘဲသေနေကြသည်ဟု ဖော်ပြထားသည်။ သန့်ရှင်းမှုမရှိသော ရေကြောင့် ၎င်းရေကိုအသုံးပြုမိသူများသည် ရောဂါများရကြ၏။

လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတို့အပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာမှု၊ ကမ္ဘာ့သမုဒ္ဒရာများတွင် ဓာတုနှင့် ပလတ်စတစ်များ ညစ်ညမ်းနေမှုများကိုပါ ဆက်လက်ဖော်ပြထား၏။

**(စထရိတ်တိုင်းမ်စ် ၁၅.၃.၁၉)**

# ဆည်ကြီးများကြံ့ခိုင်မှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင် ကာကွယ်တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၅

**ဆည်ကြီးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ဆန်းစစ်မှုရလဒ်များအရ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင် ကာကွယ်တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော် ရုံးအမှတ် ၁၅ ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးလှကျော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆည်တမံများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ရေအားလျှပ်စစ်ထုတ်လုပ်ရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေချိုရှားပါးမှုပြဿနာကို ကာကွယ်ပေးနိုင်ရေးတို့အတွက် အကျိုးပြုနိုင်ရေး မျှော်မှန်းဆောင်ရွက်ခဲ့သည့်နည်းတူ ဆည်များတည်ဆောက်စဉ်က ဒေသရေမြေဖြစ်တည်မှု၊ ယင်းဒေသ၏ ရာသီဥတု မိုးရေချိန်နှင့် သဘာဝဘေးဖြစ်ပေါ်နိုင်မှုအခြေအနေများအပေါ် ပညာရှင်များက စနစ်တကျစိစစ်တွက်ချက်ပြီး စီမံခန့်ခွဲမှု၊ ထိန်းသိမ်းကြပ်မတ်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း၊ ဆည်တမံကြီးများသည် မြေအောက်ရေမြင့်တက်စေခြင်းနှင့်ရေချိုသယံဇာတတိုးပွားစေခြင်းများ အကျိုးပြုနိုင်သော်လည်း အခြားတစ်ဖက်တွင်လည်း ငလျင်ကြီးများအပါအဝင် မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲပြဿနာများအပေါ် ပညာရှင်များ၏ အကြံဉာဏ်များကို ရယူပြီး ကြိုတင်ကာကွယ်မှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးဆည်များ၏ ကြံ့ခိုင်မှုထိန်းသိမ်းဆောင်ရွက်ခြင်း၊ သဘာဝဘေးနှင့်ရာသီဥတုသက်ရောက်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးနိုင်ရန် သက်ဆိုင်ရာဌာနများ၊ ဒေသတာဝန်ရှိသူများ၊ ဒေသနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဘေးကင်းလုံခြုံမှုအတွက် ကြိုတင်ကာကွယ်ရေး၊ လျင်မြန်စွာ တုံ့ပြန်ရေး၊ ထိရောက်သည့် တုံ့ပြန်မှုနည်းလမ်းများဖြင့် ပြည်သူများအပေါ် အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆည်တမံကြီးများ တည်ဆောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးနှင့် သက်ရောက်နိုင်သည့် ဆိုးကျိုးများ အနည်းဆုံးဖြစ်စေရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက်ဆည်တာတမံများ၏ ကြံ့ခိုင်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၏ အချက်အလက်များကိုအသုံးပြု၍ မိမိတို့ဘက်ကလည်း ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အပေါ် ထိရောက်သောတုံ့ပြန်မှုများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တည်ဆောက်ပြီး ဆည်တမံများအား သဘာဝဘေးအန္တရာယ်မှ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

---

# လူငယ်စိုက်ပျိုးရေးသုတေသီများအသင်း (YARSA) မှ ဦးဆောင်၍ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး ညှိနှိုင်း

နေပြည်တော် ဧပြီ ၂၃

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းသည် လူငယ်စိုက်ပျိုးရေးသုတေသီများအသင်း (YARSA) ၏ ဦးဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ YARSAအဖွဲ့မှ ဦးဆောင်၍ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေးကို ရေဆင်း နေပြည်တော်ရှိ နဝရတ်ခန်းမ၌ ညနေပိုင်းက ကျင်းပသည်။**



အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် YARSAအဖွဲ့မှ ဦးဆောင်ကော်မတီဝင်များက အသင်း၏လက်ရှိအခြေအနေနှင့် ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များအား အသေးစိတ်တင်ပြခဲ့ခြင်းအပေါ် ညွှန်ကြားရေးမှူးချုပ်က အသင်းဝင်များ၊ မျိုးဆက်သစ်စိုက်ပျိုးရေးသုတေသီများ၏ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စမ်းသစ်တီထွင်သည့် အတွေးအခေါ်များဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ YARSAအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရန်အတွက် အသင်းဝင်များအားလုံး ပူးပေါင်းဆောင်ရွက်မှု (Teamwork)၊ သုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် အသင်းဝင်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှုစွမ်းရည် (Communication Skill)၊ ခေါင်းဆောင်မှုစွမ်းရည် (Leadership Skill)၊ နည်းပညာနှင့် သုတေသနလုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည် (Technicial Skill)၊ သုတေသနလုပ်ငန်းများ အစီအစဉ်တကျစီမံခန့်ခွဲနိုင်မှုစွမ်းရည် (Management Skill) တို့ တိုးတက်ရေးအတွက် တိုက်တွန်းအားပေးခဲ့ပြီး၊ အဖွဲ့ဝင်များ၏ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် သင်တန်းများ၊ နည်းပညာဖလှယ်ခြင်းများ ဆောင်ရွက်ရန်နှင့် ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ သုတေသနများ ဆောင်ရွက်သွား ရန် ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန လူငယ်စိုက်ပျိုးရေးသုတေသီများအသင်း (YARSA)အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ YARSA အဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း တောင်သူပညာပေးလုပ်ငန်းများအပါအဝင် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အခက်အခဲများကို စစ်တမ်းကောက်ယူခြင်း၊ သုတေသနရလဒ်များကို တောင်သူများထံ ဖြန့်ဝေခြင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (YAU) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA) မှ မျိုးဆက်သစ်စိုက်ပျိုးရေးပညာရှင်များနှင့် ချိတ်ဆက်ကာ နည်းပညာများဖလှယ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် YARSA အသင်းမှ ဦးဆောင်၍ အခြေခံအပင်မွေးမြူရေးနည်းပညာသင်တန်း၊ အဆင့်မြင့် အပင်မျိုးမွေးမြူရေးနည်းပညာသင်တန်း၊ စမ်းသပ်ကွက် မှတ်တမ်းကောက်ယူခြင်း၊ သင်္ချာဗေဒစိစစ်ခြင်းနှင့် ကောက်ချက်ချခြင်း သင်တန်း၊ သုတေသနအဆိုပြုလွှာရေးသားခြင်းသင်တန်းနှင့် အင်္ဂလိပ်စာ (4 Skills) သင်တန်းများ ဖွင့်လှစ်ရန်လည်းကောင်း၊ သုတေသန၊ စိုက်ပျိုးစီးပွား၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးချဲ့ပညာပေးရေးဆွေးနွေးပွဲများကျင်းပရန်လည်းကောင်း အစီအစဉ်များ ရေးဆွဲထားသည့်အပြင် အဖွဲ့ဝင်များ၏ ကာယဉာဏစွမ်းဆောင်ရည်မြင့်မားရန်အတွက် စစ်တုရင်သင်တန်းနှင့် ကာယလေ့ကျင့်ခန်းသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

---

### ရှေ့ဖုံး – ကရင်ပြည်နယ် မှ

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးပညာရှင် ၃၅ ဦး၊ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)မှ ဆရာ၊ ဆရာမ လေးဦးနှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာမတစ်ဦး၊ စုစုပေါင်း ၄၀ ဦး တက်ရောက်ကြပြီး ကိုကိုးပညာရှင်များက ကိုကိုးသီးနှံစိုက်ပျိုးနည်း၊ ကိုကိုးထုတ်လုပ်မှုစနစ်၊ အချဉ်ဖောက်/ အခြောက်လှန်းခြင်း၊ သိုလှောင်ခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနှင့် ချောကလက်ပြုလုပ်ပုံအဆင့်ဆင့်တို့ကို သင်ကြားပို့ချပေးကြသည်။

မြတ်သဥ္ဇာလှိုင်

သင့်လုပ်ငန်းများ
အောင်မြင်တိုးတက်လိုလျှင်
လယ်ယာစီးပွားသတင်းတွင်
ကြော်ငြာပါ။



# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ တတိယအကြိမ် အထွေထွေညီလာခံ ကျင်းပ

ရန်ကုန် မေ ၂၇

**တည်** ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့်တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင် စီးပွားရေးနှင့်လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုများအား လေ့လာသုတေသနရလဒ်များဖော်ထုတ်ပေးခြင်း၊ အကြံပြုခြင်းတို့အပါအဝင် စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများအတွက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီက အထူးအလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များသည် ရေလှောင်တမံတည်ဆောက်မှုအပေါ် ဖြစ်ပေါ်လျက်ရှိသည့် ပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို လျော့ပါးစေနိုင်မည်ဖြစ်သည့်အတွက် တမံများတည်ဆောက်ထိန်းသိမ်းနေသည့် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ တတိယအကြိမ် အထွေထွေညီလာခံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)

အဆိုပါ အထွေထွေညီလာခံသို့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

အထွေထွေညီလာခံတွင် ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတပေါများခဲ့သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း ရာသီဥတုပြောင်းလဲသက်ရောက်မှုကြောင့် မုတ်သုံ အဝင်နောက်ကျပြီး အထွက်စောလာကာ မုတ်သုံ ကာလတိုတောင်းခြင်း၊ ရေချိုအရင်းအမြစ်များတွင် မိုးရွာသွန်းမှုနည်းပါးလာခြင်းတို့ကြောင့် မြေပေါ်ရေချိုပမာဏလျော့ကျလာခြင်း၊ မြေအောက်ရေခန်းခြောက်လာခြင်းစသည်တို့ဖြင့် ရေလုံခြုံမှု လျော့ပါးလာခဲ့ကြောင်း၊ သို့ပါ၍ အသက်တမျှအရေးပါသော ရေချိုအရင်းအမြစ်များ လျော့နည်းပျက်စီးမှုမှ ကာကွယ်နိုင်ရန်၊ ရေချိုများသိုလှောင်ထိန်းသိမ်းပြီး စိုက်ပျိုးရေး၊ သောက်သုံးရေဖူလုံစေရေးနှင့် ပြည်သူများ၏ အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော ရေအားလျှပ်စစ်ထုတ်ယူအသုံးချနိုင်ရန် ရေလှောင်တမံများ တည်ဆောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီသည် ဥပဒေရေးဆွဲပြဋ္ဌာန်းပြီး ဖွဲ့စည်းထားသောကော်မတီတစ်ခုဖြစ်သည့်အတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်သွားပြီး မျိုးဆက်သစ်လူငယ်များသို့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းတာဝန်ပေးအပ်သွားရန်နှင့် ကော်မတီ၏ ဆောင်ရွက်မှုများအပေါ် တာဝန်ခံဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တတိယအကြိမ် အထွေထွေညီလာခံ သဘာပတိ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဦးလှဆော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးဝင်းမောင်က ဖတ်ကြားတင်သွင်းရာ ညီလာခံက အတည်ပြုကြောင်း ကြေညာသည်။

နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနည်းဥပဒေ (မူကြမ်း)ပါ ကောက်နုတ်ချက်များကို ရှင်းလင်းတင်ပြပြီး ညီလာခံကို ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၃ ခုနှစ်တွင် နာယကသုံးဦး၊ ကော်မတီဝင် ၄၅ ဦး၊ အလုပ်အမှုဆောင် ကော်မတီဝင် ၁၅ ဦး တို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပသော 82th Annual Meeting တွင် မြန်မာနိုင်ငံသည် ICOLD ၏ ၉၇ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် နည်းပညာတက္ကသိုလ်တို့မှ အငြိမ်းစားပညာရှင်ကြီးများ ပါဝင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတွင် စီမံခန့်ခွဲမှုအဖွဲ့၊ စီမံကိန်းနှင့်ဒီဇိုင်းအဖွဲ့၊ တမံများ ဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ သင်တန်းနှင့်သုတေသနအဖွဲ့စသည့် ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့ငါးခုဖွဲ့စည်းထားပြီး ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံပြုချက်များနှင့်ပေါင်းစပ်ကာ တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များနှင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို ဖလှယ်ပြီး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရေး၊ တမံကြီးများဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး အကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံပညာရှင်များအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းများနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာကော်မရှင်များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MOALI ပြန်ကြားရေး

# ဘိုကာရှီပြုလုပ်သုံးစွဲနည်း ကော့ကရိတ်ခရိုင် တောင်သူများအား လက်တွေ့ကွင်းသရုပ်ပြ





ဘားအံ မေ ၃၀

**တောင်** သူများကိုယ်တိုင် ဘိုကာရှီမြေဆွေးပုံပြုလုပ်သုံးစွဲတတ်စေရန်နှင့် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများအား အကျိုးရှိစွာအသုံးချတတ်စေရန်ရည်ရွယ်၍ ကော့ကရိတ်ခရိုင်ဦးစီးမှူးနှင့်စိုက်ပျိုးရေးပညာရှင်များက မေ ၂၆ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ဝက်ဒုံကျေးရွာ၌ အီးအမ် ဘိုကာရှီနှင့် ရုပါဘိုကာရှီမြေဆွေးပုံ လက်တွေ့ပြုလုပ်ပြသခြင်း ကွင်းသရုပ်ပြပွဲကျင်းပရာ ကော့ကရိတ်ခရိုင်ဦးစီးမှူး ဒေါ်နော်သူးလေထီးမှ အီးအမ်ကိုအသုံးပြု၍ လယ်ယာထွက်စွန့်ပစ်ပစ္စည်းများဖြင့် မြေဆွေးပုံပြုလုပ်သုံးစွဲနည်း၊ ဖွဲနု၊ စပါးခွံ၊ နွားချေးနှင့်အီးအမ်ကိုသုံးပြီး ဘိုကာရှီပြုလုပ်သုံးစွဲနည်း တောင်သူ ၄၁ ဦးတို့အား လက်တွေ့သရုပ်ပြ သင်ကြားပေးသည်။

အလားတူ မေ ၂၇ ရက်က ကော့ကရိတ်မြို့နယ်၊ ငါးတိုင်ကျေးရွာရှိ တောင်သူ ဦးဖြူအုန်း၏ ကွဲကောခြံ၌ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာပေးကွင်းသရုပ်ပြပွဲတွင် စာတွေ့လက်တွေ့သင်ကြားပြသပေးရာ ငါးတိုင်နှင့် လေးတိုင်ကျေးရွာတို့မှ တောင်သူ ၃၇ ဦး တက်ရောက်ကြသည်။ ဆုဝေယံ





# နှစပါးစံကွက် ကော့မှူးတွင် ရိတ်သိမ်း

ဒေသအလိုက်၊ မျိုးကွဲအလိုက်၊ သီးနှံအထွက်နှုန်းများကို ခန့်မှန်းတွက်ချက်နိုင်ရန် နွေစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဧပြီ ၁၀ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် စနစ်ကျစက်မှုလယ်ယာ မကျီးတန်းကျေးရွာ တောင်သူ ဦးမြင့်သန်း၏ ရက် ၉၀ စပါးစိုက်ခင်းတွင် ဆောင်ရွက်ရာ တစ်ဧက ၁၁၀ ဒသမ ၂၀ တင်းနှုန်း ထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းခွင်သို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှကြည်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြသည်။ (ပုံ)

■

# မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ပဲခူးတွင် ဖွင့်လှစ်

မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းကို ပဲခူးတိုင်းဒေသကြီး ၁၀ မိုင် ဘက်စုံသင်တန်းကျောင်းတွင် ၂၂.၄.၁၉ ရက်မှ ၂၆.၄.၁၉ ရက်အထိ ဖွင့်လှစ်ရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်အဖွင့် အမှာစကားပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်က မှိုမျိုးများ၏ ဆေးဖက်ဝင်ပုံ၊ သင်တန်းရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ ပဲခူး၊ သနပ္ပင်၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ ကဝစသည့်မြို့နယ် ရှစ်မြို့နယ်မှ စိတ်ပါဝင်စားသူ ၄၀ ဦး တက်ရောက် သင်ကြားကြသည်။

■



# နွေစပါးစံကွက် ကွမ်းခြံကုန်းတွင် ရိတ်သိမ်း

နွေစပါးရာသီ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ကံကြီးမကျီးကျေးရွာ တောင်သူ ဦးမြ၏ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော ရက် ၉၀ စပါး စိုက်ခင်းတွင် ဧပြီ ၁၉ ရက်နံနက်ပိုင်းက ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သန်းသန်းဆင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။ (ပုံ)

အဆိုပါစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းတွင် ရက် ၉၀ နွေစပါးတစ်ဧက ၁၀၉ ဒသမ ၃၄ တင်းနှုန်းထွက်ရှိသည်။

■

သိန်းဖေ
စုစည်းတင်ပြသည်။

# တောင်သူပညာပေးဆွေးနွေးပွဲ ကျွန်းစုတွင် ကျင်းပ

ဒေသနေ စိုက်ပျိုးထုတ်လုပ်သူများ စိုက်ပျိုးရေးအသိပညာတိုးတက်ပြန့်ပွားပြီး လက်တွေ့ပါဝင်ဆောင်ရွက်လာစေရန် တောင်သူပညာပေးဆွေးနွေးပွဲကို ဧပြီ ၁၂ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလော့ကျေးရွာအုပ်စုတွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြသည်။

အဆိုပါတောင်သူပညာပေး ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးစိုးနိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မြေအသုံးချရေး တာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာပေးဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



■





# စီမံကိန်းစက်ဝန်း စီမံခန့်ခွဲခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်း ပဲခူးတွင် ဖွင့်လှစ်

၂၀၁၈-၂၀၁၉ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းအရ စီမံကိန်းစက်ဝန်း စီမံခန့်ခွဲခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)တို့ ညှိနှိုင်းပြီး ဧပြီ ၂၄ မှ ၂၆ ရက်အထိ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ဌာနကြီး ၁၀ ခုမှ Organizing Team အဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်သည်။

သင်တန်းကာလအတွင်း ရွှေရောင်လွင်ပြင် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုသမဝါယမလီမိတက်မှ အကြံပေး ဒေါက်တာရီရီမြင့်နှင့် အကြီးတန်း ဆရာ၊ ဆရာမများက ဆွေးနွေးပို့ချကြသည်။

■

# ကျိုင်းတုံတွင် ရွှေရင်အေးစပါးမျိုးသန့် စစ်ဆေး၊ ဓာတ်မြေသြဇာကြဲပက်

နွေစပါးရာသီ ရွှေရင်အေးစပါးမျိုးသန့်စစ်ဆေးခြင်းနှင့် ပေါင်းရှင်း၊ တမန်းနှိုး၊ ဓာတ်မြေသြဇာကြဲပက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ယန်လောကျေးရွာ တောင်သူ ဦးစိုင်းလုံပျန်း၏စိုက်ခင်းတွင် ဧပြီ ၂၀ ရက် ညနေပိုင်းက ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦး၊ ခရိုင်ဦးစီးမှူး ဦးညိမ်းထွန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မင်းနှင့်ဝန်ထမ်းများ၊ အကျိုးဆောင် တောင်သူများ တက်ရောက်ကြသည်။ (ပုံ)

အဆိုပါလုပ်ငန်းခွင်တွင် ဒုတိယပြည်နယ်ဦးစီးမှူးက သိပ္ပံနည်းကျ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ကွင်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်ဇော်နှင့်ဝန်ထမ်းများက မျိုးသန့်စစ်ဆေးခြင်း၊ ဓာတ်မြေသြဇာကြဲပက်ခြင်းလုပ်ငန်းများကို အကျိုးဆောင် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

■



ယခင်တစ်ပတ်မှအဆက်

### လာဗင်ဒါရန့်မွှေးဆီ

လာဗင်ဒါရန့်မွှေးဆီသည် အလှအပနှင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများစွာကို အလွယ်တကူဖြေရှင်းပေးနိုင်သည့်အတွက် အိမ်တိုင်းတွင် လာဗင်ဒါရန့်မွှေးဆီတစ်ပုလင်းစီတိုင်း ဆောင်ထားသင့်၏။ လာဗင်ဒါသည် မည်သည့်အရေပြားအမျိုးအစားတွင်မဆို လိမ်းကျံနိုင်သည့် ရန့်မွှေးဆီတစ်မျိုးဖြစ်ပြီး ယင်းကို အသားအရေထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ကောင်းမွန်သည်ဟု လူသိများကြသည်။ အာဂန်ရန့်မွှေးဆီ argan oil နှင့် ရို့စ်ဟစ်ဘ်ရန့်မွှေးဆီ rosehip oil တို့နှင့် ရောစပ်အသုံးပြုခြင်းဖြင့် အိုမင်းရင့်ရော်နေသည့် အသားအရေကို အားဖြည့်ပေးပြီး နုပျိုမှုကို ပေးစွမ်းနိုင်၏။ လာဗင်ဒါဆီကို ဆပ်ပြာများ၊ အသားအရေထိန်းသိမ်းသည့်အလှဆီများနှင့် အခြားသော အလှကုန်ပစ္စည်းများထုတ်လုပ်ထားတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုကြသကဲ့သို့ အလှအပရေးရာကိစ္စရပ်များအတွက်လည်း အိမ်တိုင်းတွင် မရှိမဖြစ် လိုအပ်သည့် ရန့်မွှေးဆီတစ်မျိုးဖြစ်၏။ ထို့ပြင် ယင်း၏မွှေးရန့်ကြောင့် စိတ်ကို ကြည်လင်စေခြင်း၊ ရှင်လန်းတက်ကြွစေခြင်း၊ ပင်ပန်းနွမ်းလျမှုကို ပြေပျောက်စေခြင်း အစရှိသည့် စိတ်ပိုင်းဆိုင်ရာခံစားချက်များနှင့် ကျန်းမာရေးတို့အတွက် ဘက်စုံ အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက်ဖြစ်၏။ သုတေသနပြုချက်များအရ လာဗင်ဒါရန့်မွှေးဆီ၏ ရန့်ကို အစဉ်ထိတွေ့အသုံးပြုနေသူများသည် အသုံးမပြုသူများနှင့် နှိုင်းယှဉ်ပါက စိတ်ဖိစီးမှုများ၊ စိုးရိမ်ပူပန်သောကများစွာ သက်သာစေသည်ဟု သုတေသီများကို ဖော်ပြထားကြ၏။

လာဗင်ဒါရန့်မွှေးဆီကို အာနိသင် ပြင်းအားလျော့ပါးစေရန်အတွက် ဂျိုဂျိုဘာဆီ၊ ကောင်းနက်ဆီ၊ သစ်ကတိုးဆီ၊ ကာမိုမိုင်းဆီ၊ လေးညှင်းဆီ၊ ယူကလစ်ဆီ၊ ကြွေပန်းဆီ၊ ဂရေ့ဖရုဆီ၊ ဂျူနီပါဆီ၊ သံပရာဆီ၊ စပါးလင်မွှေးဆီ၊ မန်ဒရင်းလိမ်မော်ဆီ၊ မာဂျိုရမ်ဆီ၊ ပက်ပါမင့်ဆီ၊ နှင်းဆီရန့်မွှေးဆီ၊ ရို့စ်မေရီဆီ၊ လက်ဖက်ပင်ဆီ၊ စမုန်ဖြူဆီအစရှိသည့် ရန့်မွှေးဆီများနှင့် ရောစပ်အသုံးပြုနိုင်၏။

### လာဗင်ဒါရန့်မွှေးဆီအသုံးပြုပုံ

စိတ်ပိုင်းဆိုင်ရာခံစားမှုများ ညီညွတ်မျှတစေရန် လာဗင်ဒါရန့်မွှေးဆီ နှစ်စက်ခန့်ကို အခန်းအတွင်း လေသန့်စင်သည့် ရေနွေးငွေ့ထုတ်လွှတ်သည့်စက်၊ လေအေးထုတ်လွှတ်သည့်စက်များနှင့် လေသန့်စင်သည့်စက်များတွင် ထည့်သွင်းအသုံးပြုနိုင်သကဲ့သို့ လာဗင်ဒါရန့်ပါသည့် ပစ္စည်းများကို အသုံးပြုနိုင်၏။

လာဗင်ဒါဆီကို ပြင်းအားလျော့စေရန် အထက်တွင်ဖော်ပြခဲ့သည့်ဆီတစ်မျိုးမျိုးနှင့် ရောစပ်ပြီး သင့်၏နားရွက်အနောက်ဘက်နှင့် လက်ကောက်ဝတ်တွင် လိမ်းပေးခြင်းဖြင့် စိတ်ခံစားမှုကို ထိန်းချုပ်နိုင်၏။

အုန်းဆီ လက်ဖက်ရည်ပန်းကန်လုံး လေးပုံတစ်ပုံနှင့် အော်ဂဲနစ်သကြား လေးပုံ သုံးပုံကို ရောစပ်ပါ။ ပြီးလျှင် လာဗင်ဒါဆီ ၁၀ စက်ကို ထည့်ပြီး သမအောင် မွှေပေးပါ။ ရရှိလာသောအရောကို ဖန်ရေဘာကောင်းထဲတွင်ထည့်ပြီး အသားအရေ အာဟာရဖြည့်ရန် လိုအပ်သည့်အချိန်တိုင်း မျက်နှာပြင်နှင့်ခန္ဓာကိုယ်ရှိ အရေပြားတို့တွင် လိမ်းကျံပြီး သန့်စင်ပေးနိုင်၏။

ဘက်တီးရီးယားပိုးများဆန့်ကျင်စေခြင်းနှင့် အရေပြားထိန်းသိမ်းခြင်းတို့ကို စွမ်းဆောင်နိုင်စွမ်းရှိသည့် လာဗင်ဒါရန့်မွှေးဆီကို ရေဓာတ်အားဖြည့်ခြင်းနှင့် အရေပြားပေါ်ရှိအနာများကို ပျောက်ကင်းစေနိုင်သည့်စွမ်းအားရှိသည့် ပျားရည်နှင့် ရောစပ်ပြီး လာဗင်ဒါ ပျားရည် မျက်နှာကပ်ခွာပြုလုပ်အသုံးပြုနိုင်၏။ ပန်းကန်လုံးငယ်တစ်လုံးထဲတွင် ပျားရည် ထမင်းစားဇွန်းတစ်ဇွန်းကို လာဗင်ဒါရန့်မွှေးဆီ ၃ စက်တို့ကို ထည့်ပြီး သမအောင်ရောစပ်ပေးပါ။ ယင်းအရောကို မျက်နှာသန့်စင်ပြီးနောက် သင့်မျက်နှာပြင်နှင့် လည်ပင်းတစ်ဝိုက်တွင် လိမ်းကျံပေးပြီး ၅ မိနစ်မှ ၁၅ မိနစ်ခန့်အကြာထားပြီး ရေနွေးနွေးဖြင့် သန့်စင်ပေးခြင်းဖြင့် ဖြူစင်ဝင်းမွတ်ပြီး ရေဓာတ်အားပြည့်စေသည့် မျက်နှာပြင်အလှကို ပိုင်ဆိုင်နိုင်မည်ဖြစ်၏။

### ရှောက်သံပရာ ရန့်မွှေးဆီ

ရှောက်သံပရာရန့်မွှေးဆီတို့သည် အရေပြားအတွက် အဆိပ်ဖြေခြင်း၊ အနာရင်းခြင်းမှ ကာကွယ်ပေးခြင်းနှင့် သွေးတိတ်စေနိုင်ခြင်း အစရှိသည့် အစွမ်းသတ္တိတို့ရှိ၏။ ထို့ပြင် အရေပြားပေါ်ရှိ ဝက်ခြံနှင့် အခြားသော အရေပြားပြဿနာများစွာအတွက်လည်း သက်သာစေရန် အထောက်အကူပြုနိုင်စွမ်း၏။ အဆီပြန်သောမျက်နှာပြင်အတွက် ရှောက်သံပရာရန့်မွှေးဆီသည် အဆီပြန်ခြင်းကို လျော့ပါးသက်သာစေ၏။ အဆီပြန်သောမျက်နှာပြင်ပိုင်ရှင်များအတွက် ရှောက်သံပရာရန့်မွှေးဆီပါဝင်သည့်မျက်နှာသစ်ဆီကို အသုံးပြုသင့်သည့်အပြင် ဆဲလ်များကို ပြန်လည်အားပြည့်စေ၏။ ခြေထောက်တွင် အနာစိမ်း မကြာခဏပေါက်တတ်သည့်သူများ၊ ခြေအသားမာတက်သူများအနေဖြင့် အနာဖြစ်ပွားသည့်နေရာကို ရှောက်သံပုရာဆီ လိမ်းပေးခြင်းဖြင့် အရေပြားနူးညံ့ပျော့ပျောင်းလာကာ ဝေဒနာကို သက်သာစေနိုင်၏။

ရှောက်သံပရာရန့်မွှေးဆီသည် ဆံကေသာကို သန့်စွမ်းစေခြင်း၊ ကျန်းမာစေခြင်းအပြင် နက်မှောင်တောက်ပြောင်စေပြီး စိတ်ရောက်ကိုယ်ပါလန်းဆန်းတက်ကြွမှုကို ပေးစေ၏။ ဦးရေပြားတွင် ဖောက်ထခြင်းနှင့် ယားယံခြင်းဝေဒနာတို့အတွက်လည်း ရှောက်သံပရာရန့်မွှေးဆီကို အသုံးပြုနိုင်၏။ ထို့ပြင် ရှောက်သံပရာရန့်မွှေးဆီသည် လက်သည်းခြေသည်းများကို နူးညံ့စေပြီး ယင်းတို့ကို ကျန်းမာသည့် အခြေအနေအဖြစ် ထိန်းသိမ်းပေးထားနိုင်စွမ်းရှိ၏။

ရန့်မွှေးကုထုံးအရ ရှောက်သံပရာရန့်မွှေးဆီသည် စိတ်ပင်ပန်းနွမ်းလျခြင်း၊ စိတ်နှံချေချည့်နဲ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်း၊ ပူပင်သောကများခြင်းနှင့် စိုးရိမ်စိတ်များခြင်းတို့အတွက် အကောင်းဆုံးသော စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်သော ဂုဏ်သတ္တိရှိသည့် ရန့်မွှေးဆီတစ်မျိုးဖြစ်သည်ဟု ဆိုထား၏။ စိတ်ကို ရွှင်လန်းတက်ကြွစေပြီး အဆိုးသဘောဆောင်သည့် အမြင်များကို ဖယ်ရှားပေး၏။

ရှောက်သံပရာရန့်မွှေးဆီကို အာနိသင်ပြင်းအားလျော့ပါးစေရန် ကြွေပန်းဆီ၊ လာဗင်ဒါဆီ၊ နှင်းဆီရန့်မွှေးဆီ၊ တောင်ကတိုးဆီ၊ လက်ဖက်မွှေးဆီတို့နှင့် ရောစပ်အသုံးပြုနိုင်၏။

### ရှောက်သံပရာ ရန့်မွှေးဆီအသုံးပြုပုံ

သင့်၏စိတ်နှလုံးဆိုင်ရာတည်ငြိမ်အေးချမ်းစေရန်အတွက် ရှောက်သံပရာရန့်မွှေးဆီကို အခန်းအတွင်း လေသန့်စင်ဖျန်းဆေးအဖြစ်လည်းကောင်း၊ ရေနွေးငွေ့ထုတ်လွှတ်သည့်စက်အထဲ ထည့်ခြင်းဖြင့်လည်းကောင်း အသုံးပြုခြင်းဖြင့် စိတ်တည်ငြိမ်အေးချမ်းမှုကို ရရှိစေနိုင်၏။ ထို့ပြင် စိတ်ပျော်ရွှင်မှုကိုလည်း ရရှိစေနိုင်မည်ဖြစ်၏။ ရှောက်သံပရာရန့်မွှေးဆီကို ပုံမှန်မျက်နှာသန့်စင်ရာတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် မျက်နှာပြင်ပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးနိုင်စွမ်းရှိသည့်အပြင် မျက်နှာအသားအရေကို ဝင်းလက်တောက်ပြောင်စေနိုင်စွမ်း၏။ ရှောက်သံပရာရန့်မွှေးဆီအစက်အနည်းငယ် ရေဖြည့်ထားသည့် စပရေးဗူးထဲထည့်ပေးပြီး အပြင်မသွားခင် ဆံကေသာတွင် ဖျန်းပက်ပေးခြင်းဖြင့် ဆံကေသာကို သဘာဝအတိုင်း တောက်ပြောင်စေနိုင်၏။ ရှောက်သံပရာဆီကို ခြေသည်းလက်သည်းများတွင် လိမ်းကျံပေးခြင်းဖြင့် ကျန်းမာပြီး နူးညံ့သည့် ခြေသည်းလက်သည်းများကို ရရှိစေနိုင်မည်ဖြစ်၏။

### ရို့စ်မေရီရန့်မွှေးဆီ

ရို့စ်မေရီရန့်မွှေးဆီသည် စိတ်ကို လန်းဆန်းစေခြင်းနှင့် စိတ်တက်ကြွစေအောင် နှိုးဆွပေးသည့် အကောင်းဆုံးသော ရန့်မွှေးဆီတစ်မျိုးဖြစ်၏။ စိတ်ဖိစီးမှုများမှ ကင်းဝေးစေရန် ရို့စ်မေရီရန့်မွှေးဆီကို အသုံးပြုနိုင်၏။ သုတေသနပညာရှင်များ၏ လေ့လာဆန်းစစ်မှုအရ ရို့စ်မေရီရန့်မွှေးဆီ၏ ရန့်ကို ရှူရှိုက်မိပြီး ၅ မိနစ်အတွင်း ခန္ဓာကိုယ်အတွင်း စိတ်ဖိစီးမှုကို ဖြစ်စေသည့် ကော်တီဆောထွက်ရှိမှုကို လျော့နည်းစေသည့်အတွက် ကာလရှည်ကြာ စိတ်ဖိစီးမှု ခံစားနေရသူများအတွက် အကောင်းဆုံးအခွင့်အရေး ဖြစ်သည်ဟု သိရ၏။ ထို့ပြင် ရို့စ်မေရီရန့်မွှေးဆီသည် သွေးလည်ပတ်မှုအားကောင်း စေခြင်း၊ ကိုယ်ခံအားစနစ်ကို ပိုမို တိုးတက်ကောင်းမွန်စေခြင်း၊ ခေါက်နက်လက်ပန်းကျခြင်းမှ သက်သာစေခြင်းအစရှိသည့် အကျိုးကျေးဇူး ကောင်းများကိုလည်း ရရှိစေနိုင်၏။

ရို့စ်မေရီရန့်မွှေးဆီကို စိတ်တွင် မကောင်းသောခံစားချက်များ၊ အမြင်များကို ဖယ်ရှားသန့်စင်စေလိုသည့်အခါတွင် အသုံးပြုသင့်သည့် အကောင်းဆုံးဆီတစ်မျိုးဖြစ်၏။

ရို့စ်မေရီရန့်မွှေးဆီကို ပြင်းအားလျော့စေရန် ပင်စိမ်းဆီ၊ ကလျာဏီဆီ၊ စမုန်ဖြူဆီ၊ စပါးလင်မွှေးဆီ၊ ကာမိုမိုင်းဆီ၊ ရှောက်သံပရာဆီ၊ လာဗင်ဒါဆီ၊ ပက်ပါမင့်ဆီနှင့် ယူကလစ်ဆီ အစရှိသည့်တို့နှင့် ရောစပ်အသုံးပြုနိုင်၏။

### ရို့စ်မေရီရန့်မွှေးဆီအသုံးပြုပုံ

စိတ်ခံစားချက်များ သန့်စင်စေရန်၊ စိတ်ခွန်အားလန်းဆန်းတက်ကြွစေရန်အတွက် အခန်းအတွင်း လေသန့်စင်ဆေးအဖြစ် အသုံးပြုခြင်းဖြင့်လည်းကောင်း၊ ရေနွေးငွေ့ထုတ်လွှတ်စက်ဖြင့် ရန့်မွှေးထုတ်လွှတ်ခြင်းဖြင့်လည်းကောင်း၊ စပရေးဗူးထဲတွင် ရေနှင့် ရို့စ်မေရီရန့်မွှေးဆီတို့ကို ရောစပ်ပြီး သမအောင် လှုပ်ကာ အခန်းအနှံ့ ဖျန်းပက်ပေးခြင်းဖြင့်လည်းကောင်း အသုံးပြုနိုင်၏။ ■

## စိတ်လက်ကြည်သာအေးချမ်းလှပစေဖို့ အကောင်းဆုံးသော ဆေးဖက်ဝင်ရန့်မွှေးဆီများ

ကြေးမုံငယ်







# မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးခြင်း၊ ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း နည်းပညာပေးဆွေးနွေးပွဲ ဟပွန်ခရိုင်တွင် ကျင်းပ



ဘားအံ မေ ၂၃

**ကရင်** ပြည်နယ် အစိုးရအဖွဲ့နှင့် GMSAEDC (Greater Mekong Subregion Agriculture and Education Development Center) တို့ ပူးပေါင်းအကောင်အထည် ဖော် ဆောင်ရွက်သော ဒေသဆိုင်ရာဖွံ့ဖြိုးရေး စီမံကိန်းအစီအစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီက မျိုးကောင်းမျိုးသန့်ပြောင်းလဲ စိုက်ပျိုးခြင်းနှင့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲ၌ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကမမောင်းမြို့ဦးစီးမှူး၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေးနှင့် စိုက်ပျိုးရေး ပညာရှင်များက မျိုးကောင်းမျိုးသန့်ပြောင်းလဲ စိုက်ပျိုးခြင်း၊ နည်းပညာ၊ ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများကို ရှင်းလင်းဆွေးနွေးကြပြီး GMSAEDC မှ လှူဒါန်းသော လယ်ယာစီးပွားဂျာနယ်နှင့် စိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးပွဲ တက်ရောက်ကြသည့် ကမမောင်းမြို့၊ အမှတ် ၁ ရပ်ကွက်၊ အမှတ် ၃ ရပ်ကွက်၊ အမှတ် ၄ ရပ်ကွက် အထက်မိဇိုင်း၊ ကျွန်းတော၊ ဝါးကော်ကျေး၊ ပုဇွန်မြောင်းကျေးရွာတို့မှ တောင်သူ ၄၀ ဦးတို့အား ပြန်လည်ဖြေကြားပေးခဲ့သည်။

ရိရိစိန်

# ငမြှောင်တောင် FAW ကြိုတင်ကာကွယ်ရေး နည်းပညာပေးသင်တန်း ကရင်ပြည်နယ်တွင် ဖွင့်လှစ်



ဘားအံ မေ ၂၉

**စိုက်** ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် GMSAEDC တို့ပူးပေါင်း၍ ငမြှောင်တောင် ကြိုတင်ကာကွယ်ရေးနည်းပညာပေး TOT သင်တန်းကို မေ ၂၈ ရက် နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ရဲသူရခန်းမ၌ ဖွင့်လှစ်ရာ သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်မာလာမြင့်က ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှိမ်နင်းနည်းကို ဆွေးနွေးပို့ချပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုးချဲ့ပညာပေး ဝန်ထမ်း ၅၃ ဦး တက်ရောက်သည်။

စမ်းပြည့်

# စိုက်ပျိုးရေးဦးစီးဌာနနှင့် CABI ကယားပြည်နယ်တွင် Fall Armyworm (FAW) ကြိုတင်ကာကွယ်နှိမ်နင်းခြင်း ကွင်းဆင်းပညာပေး ဆောင်ရွက်



**စိုက်** ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ဒေါက်တာကျင်ကျင်ဝင်းနှင့် CABI Associate ပညာရှင် ဒေါက်တာမြင့်သောင်းတို့ ကယားပြည်နယ်တွင် ဖောင်မြှောင်တောင်ပိုး (Fall Armyworm) ကြိုတင်ကာကွယ်နှိမ်နင်းခြင်း ပညာပေးဆွေးနွေးပွဲနှင့် ကွင်းဆင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ပညာရှင်အဖွဲ့သည် မေ ၁၀ ရက်က လွိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာတွင် စိုက်ပျိုးရေးဝန်ထမ်း ၁၆ ဦးနှင့် တောင်သူ ၇၉ ဦးကိုလည်းကောင်း၊ ဒီးမော့ဆိုမြို့နယ် ဒေါ်ငံခါးကျေးရွာ၌ စိုက်ပျိုးရေး ဝန်ထမ်း ၂၃ ဦးနှင့် တောင်သူ ၆၇ ဦးကိုလည်းကောင်း ပညာပေးဆွေးနွေးကြသည်။

အဆိုပါအဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာနှင့်ဒီးကျေးကျေးရွာတို့တွင် အစေ့ထုတ်ပြောင်း စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေး၍ ဖောင်မြှောင်တောင်ပိုးကျရောက်နေမှုကို တောင်သူများအား စာတွေ့လက်တွေ့ ဆွေးနွေးပညာပေးပြီး ဝန်ထမ်းများနှင့် တောင်သူများအား ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းနည်း လက်ကမ်းစာစောင်များနှင့် Trichogramma ဥကပ်ပါး နဂျီလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

စိုက်ပျိုးရေးဦးစီးဌာန

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
# နေပြည်တော်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရုံးချုပ်မှ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Office Equipments များကို ငွေလုံးငွေရင်းအသုံးစရိတ်မှကျခံပြီး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **(က) တင်ဒါပုံစံရောင်းချမည့်ရက်** | – ၂၂.၄.၂၀၁၉ ရက်မှ ၂၁.၅.၂၀၁၉ ရက် (ရုံးချိန်အတွင်း) |
| **(ခ) တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | – ၂၂.၅.၂၀၁၉ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ |
| **(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန်** | – ၂၂.၅.၂၀၁၉ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ |
| **(ဃ) အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | – ရုံးအမှတ် (၄၃)၊ ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း – ၀၆၇–၄၁၀၀၁၉ နှင့် ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း – ၀၆၇–၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# စပါးသီးနှံ ဇီဝပိုးသတ်ဆေးဖျန်းခြင်း (Entomopathogenic Fungi) စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ ရေဆင်းတွင် ကျင်းပ

ရေဆင်း မေ ၂၃

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ရေဆင်း ကွင်းသုတေသန ဖြစ်သည့် စပါးသီးနှံပေါ်တွင်ဇီဝပိုးသတ်ဆေးဖျန်းခြင်း(Entomopathogenic Fungi) စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အမှာစကား ပြောကြားသည်။**

ဆက်လက်၍ အပင်ရောဂါ သုတေသနဌာနစု တာဝန်ခံ ဒေါ်စီစီမြင့်က အကျိုးပြုဇီဝကပ်ပါးမှိုများ ဖြစ်ကြသည့် ဗော့ဗျူးရီးယားမှို၊ မက်တာရိုင်ဇီယမ်မှိုနှင့် ဗာတီစီလီယမ်မှိုများ၏ သီးနှံဖျက်ပိုး(အင်းဆက်)များအား ဟန့်တားကာကွယ်နိုင်သည့် အစွမ်းသတ္တိများနှင့် အသုံးပြုနည်းလမ်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် သီးနှံသုတေသနစမ်းသပ်ကွက်များအတွက် အကျိုးပြုဇီဝကပ်ပါးမှိုများ ပွားများထုတ်လုပ်ပေးမည့် အစီအစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံကာကွယ်ရေး သုတေသနဌာနခွဲပညာရှင်က အကျိုးပြုဇီဝမှိုမျိုးစိတ်များ မွေးမြူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အကျိုးပြုဇီဝမှိုများ၏ အသက်ရှင် နေထိုင်နိုင်သည့် သက်တမ်း (ကာလ)အားလေ့လာခြင်း သုတေသနများနှင့် စပါးသီးနှံအပေါ် ဇီဝပိုးသတ်ဆေးဖျန်းခြင်း စမ်းသပ်ကွက်သုတေသနလုပ်ငန်းကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အကျိုးပြုဇီဝမှိုများ ကပ်ပါးပြုထားသည့် စပါးဆစ်ပိုးနှင့် စုပ်စားပိုးများ၏ ဇီဝဖြစ်စဉ်အား ဓာတ်ခွဲခန်းတွင် သုတေသနပြုဆောင်ရွက်မှုများကို ပညာရှင်များက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သုတေသနပညာရှင်များက မေးမြန်းအကြံပြုဆွေးနွေးကြပြီး စပါးသီးနှံပေါ်တွင် ဇီဝပိုးသတ်ဆေးဖျန်းခြင်း စမ်းသပ်ကွက်များအား လက်တွေ့ကွင်းဆင်းလေ့လာကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**




# ငါးမှာ ငါးသလောက်

**ငါးသည် ကျောရိုးရှိရေနေသတ္တဝါဖြစ်ပြီး ၄င်းစတင်ပေါ်ပေါက်လာသည့်အချိန်မှစ၍ ပင်လယ်သမုဒ္ဒရာ မြစ်ချောင်းများတွင် လွှမ်းမိုးသည့်သတ္တဝါဖြစ်သည်။ ငါးမွေးမြူရေးကို လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ခန့်က အီဂျစ်နိုင်ငံတွင် စတင်ခဲ့ပြီး ကန်များဖြင့် တီလားဗီးယားကို မွေးမြူခဲ့ကြသည်။ ငါးကို ရေချိုငါးနှင့် ရေငန်ငါးဟူ၍ ခွဲခြားထားပြီး ငါးမျိုးစိတ်ပေါင်း ၃၂၀၀၀ ကျော်ခန့်ရှိကြသည်။**

ပင်လယ်ပြာ

(ငါးဦးစီး)



**"အသီးမှာ သရက်**

**အသားမှာ ဝက်**

**အရွက်မှာ လက်ဖက်"** ဟူ၍ အဆိုရှိသကဲ့သို့ ငါးတွင်လည်း

**"မယားမှာ ဆံတောက်**

**ငါးမှာ ငါးသလောက်"** ဟူ၍လည်း စာချိုး ရှိသည်။

ငါးသလောက်ငါးမှာ ရေပေါ်ရေလွှာနေ ငါး (Pelagic fish) ဖြစ်သည်။ သဲသောင်ခုံပေါ်တွင် ကျက်စားတတ်သော အလေ့အထရှိပြီး ရေချိုရေငန်နှစ်မျိုးစလုံးတွင် နေထိုင်နိုင်ကြသည်။ ငါးသလောက် မျိုးစိတ်အားလုံးသည် ရာသီဥတုအလိုက် နေရာဒေသပြောင်းရွှေ့ကျက်စားသော သဘာဝရှိကြပြီး နေရာမရွေး၊ အချိန်မရွေး သားပေါက်ဖွားလေ့ရှိကြသည်။ တစ်နှစ်ပတ်လုံး မိုးရာသီတွင်တစ်ကြိမ်၊ ဆောင်းရာသီအကုန်ပိုင်းတွင် တစ်ကြိမ်၊ နှစ်ကြိမ်သားပေါက်ကြသည်။





ငါးသလောက်အမသည် ဥပေါင်းသုံးသိန်းမှ တစ်သန်းအထိ ဥအုနိုင်ကြသည်။ ဥအုချပြီးနောက် သားလောင်းလေးများသည် မြစ်ကြောင်းမှတစ်ဆင့် ပင်လယ်ပြင်သို့ဆင်းသက်သွားကြပြီး မွေးရပ်မြေမှ ဝေးသောနေရာများတွင် ကြီးပြင်းကြသည်။ ငါးသလောက်ကို အောက်တိုဘာနှင့် မတ်လအတွင်း အများဆုံးဖမ်းဆီးရမိကြသည်။

ငါးသလောက်ငါးများမှာ အပင်မျော (Plankton) နှင့် ရေညှိရေမှော် (algae)များကို အစာအဖြစ် အများဆုံးစားသုံးကြသည်။ ငါးသလောက်ငါးများမှာ ကမ်းရိုးတန်းတစ်လျှောက်တွင် အုပ်စုဖွဲ့ကာ နေထိုင်ကျက်စားသကဲ့သို့ မြစ်အထက်ပိုင်းသို့လည်း ဆန်တက်နိုင်ကြသည်။

အသားမှာနူးညံ့ပြီး အနံ့ရောအရသာပါ ထူးခြားကောင်းမွန်လှသဖြင့် ပြည်ပပို့ကုန်အဖြစ် နာမည်ကြီးပြီး တန်ဖိုးမြင့်ငါးအမျိုးအစားဖြစ်သည်။ မျှောပိုက်ဖြင့် အဓိက ဖမ်းဆီးကြသည်။ ငါးသလောက်သက်တမ်းမှာ တစ်နှစ်မှ သုံးနှစ်ဖြစ်ပြီး ငါးသလောက်အုပ်စုသုံးမျိုးရှိသည်။

ပင်လယ်ပြင်တွင် ကြီးပြင်းပြီး သားပေါက်လေ့ရှိသောအုပ်စု၊ ဘဝတစ်လျှောက်လုံး ရေချိုမြစ်အတွင်း လှည့်လည်ကျက်စားနေထိုင်ပြီး ပင်လယ်သို့ပြန်ထွက်မသွားသောအုပ်စုနှင့် ပင်လယ်ကမ်းစပ်အလွန်တွင် နေထိုင်ကျက်စားသည့်အုပ်စု (ရေချိုပိုင်းသို့သားပေါက်ရန် ပြန်လည်တက်ရောက်လာသည့်အုပ်စု)ဟူ၍ တွေ့ရှိရသည်။

မျိုးစိတ် ၁ Hilsa shad ငါးသလောက်ငါးမှာ ကျောဘက်ပိုင်း၌ ဆူးများမရှိကြဘဲ ပျော့ပျောင်းသောအရေးအကြောင်း ၁၈ မှ ၂၁ အထိ ရှိကြသည်။ ဆလင်ဒါပုံသွယ်သွယ်လျလျရှိပြီး အရွယ်အစားအမြင့်ဆုံး ၆၀ cm အထိရှိပြီး အများအားဖြင့် ၃၀ မှ ၃၆ cm အထိရှိကြသည်။ အရောင်မှာ ငွေမင်ရောင်ဖြစ်သည်။ ထိုငါးမျိုးစိတ်ကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့်မြန်မာတွင် အများဆုံးတွေ့ရသည်။

မျိုးစိတ် ၂ Toli shad ခေါ် ငါးသလောက်ယောက်ဖမျိုးစိတ်၏ ကျောဘက်ပိုင်းတွင် ဆူးချွန်များမရှိကြပေ။ ဆလင်ဒါပုံသွယ်သွယ်လျလျရှိပြီး အရောင်မှာငွေမင်ရောင်ဖြစ်သည်။ အမြင့်ဆုံးအရွယ်အစား ၅၀ cm ရှိပြီး အများအားဖြင့် ၃၀ cm မှ ၄၀ cm အထိ ရှိကြသည်။ အိန္ဒိယ၊ သြစတြေးလျ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာတို့တွင် အများဆုံးတွေ့ရသည်။

ငါးသလောက်ငါးကိုပေါင်း၍ ကင်၍ ကြော်၍ ဟင်းချက်၍ စားသုံးကြပြီး အချို့က သုပ်၍စားသုံးကြသည်။ အများအားဖြင့် ငါးသလောက်ငါးကို အရိုးနူးပေါင်း၍ စားသုံးခြင်းသည် အရသာအကောင်းဆုံးဖြစ်သည်။ ငါးသလောက်ကို ပေါင်းမည်ဆိုပါက ရှေးဦးစွာ ဒေသနည်းအရ ဦးခေါင်းထက်ရှိ တက်ကြောကိုဖြတ်ရသည်။ သွေးတက်ခြင်းလျော့နည်းစေရန် ဖြစ်သည်။ ထို့နောက် ငါးကို အနေတော်အတုံးတုံးပြီး ဆား၊ နနွင်း၊ ရှာလကာရည်၊ ငါးပိ၊ ချင်း၊ ကြက်သွန်ဖြူ/နီ၊ စပါးလင်တို့ဖြင့် ရောမွှေပြီး ရေများများဖြင့် အရိုးနူးအိသည်အထိ ပေါင်း စားကြသည်။ အနံ့အရသာမှာ ထူးခြားကောင်းမွန်လှသည်။ ငါးသလောက်ငါး (Herring Fish) မှာ အဆီပေါများသော ငါးတစ်မျိုးလည်းဖြစ်သည်။

ငါးသလောက်ငါးများကို ပြည်တွင်းတွင်လည်း ငါးစို၊ ငါးဆားနယ်၊ ငါးခြောက်ပြုလုပ်၍ တွင်ကျယ်စွာ ရောင်းချကြပြီး ပြည်ပပို့ကုန်အဖြစ်လည်း နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိနေသော တန်ဖိုးမြင့်ငါးတစ်မျိုးအဖြစ် အောင်မြင်လျက်ရှိသည်။ ■

# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၈-၅-၂၀၁၉) မှ (၂၁-၅-၂၀၁၉) ထိ**

### တနင်္ဂနွေ



အလုပ်ဆက်တိုက်များနေမည်။ တာဝန်ယူရမှု၊ ခေါင်းဆောင်ရမှုများမည်။ ငွေရရန်ကိစ္စများ နှောင့်နှေးနေမည်။ ခြေလေးချောင်း သတ္တဝါများ၊ ဆေးဖက်ဝင်သစ်ဥသစ်ဖုများကြောင့် ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ ဖျားနာတတ်သည်။

**ယတြာ။ ။ စံပယ်ပန်း လှူပေးပါ။**

### တနင်္လာ



ယခင်ကထက် စိတ်လွတ်လပ်ချမ်းသာမှုရမည်။ မြေလွတ်မြေရိုင်းများနှင့်ပတ်သက်ပြီး ငွေများရမည်။ လက်မှတ်ထိုးရခြင်းကြောင့် ငွေများရမည်။ ချစ်သူကောင်းနှင့် တွေ့ဆုံရမည်။ ဝန်ထမ်းများ ရာထူးတိုးမည်။ ရွှေလက်ဝတ်ရတနာများ ဝင်လာမည်။ ယားနာပေါက်တတ်သည်။

**ယတြာ။ ။ အချိုရည်ဘူး ဒါနပြုပါ။**

### အင်္ဂါ



မကြာခဏ စိတ်အပြောင်းအလဲများသလို လုပ်ငန်းများပြောင်းလဲမှုကြုံလိမ့်မည်။ အရာရာအပေါ် စိတ်ပူနေတတ်မည်။ ငွေဘယ်လောက်ရရ ကုန်သွားမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးမှုများမည်။ မြောက်ဘက်သို့ ခရီးသွားရမည်။ ကျန်းမာရေး ညံ့နေသည်။

**ယတြာ။ ။ မျက်နှာသုတ်ပဝါ လှူပေးပါ။**

### ဗုဒ္ဓဟူး



ပညာရပ်အမျိုးမျိုး သင်ယူရမည်။ ဆရာကောင်းများ၏ လမ်းညွှန်မှုများကြောင့် ကြီးပွားတိုးတက်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးမှုရှိနေမည်။ ကျောက်စိမ်း၊ ပယင်း၊ ပန်းချီ၊ ပန်းပုများကြောင့် ငွေများရမည်။ မရောက်ဖူးသေးသောဒေသသို့ ခရီးသွားရမည်။ ကျန်းမာရေး ညံ့နေသည်။

**ယတြာ။ ။ ဆပ်ပြာ လှူပေးပါ။**

### ကြာသပတေး



မြေ၊ အမွေ၊ ပညာ၊ သားသမီးများကြောင့် စိတ်ချမ်းသာမှု ရမည်။ မူလအလုပ်နှင့်နေရာများနှင့် အကျိုးပေးနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်မပြေမှုများနှင့်ကြုံမည်။ ငွေရရန်လွဲချော်နေတတ်သည်။ အရိုး၊ အကြော၊ အာရုံကြောများနှင့်ပတ်သက်သည့်ဝေဒနာဖြစ်တတ်သည်။

**ယတြာ။ ။ အချိုမုန့်များ ဒါနပြုလိုက်ပါ။**

### သောကြာ



ပူပြင်းခြောက်သွေ့သောနေရာများသို့ ခရီးသွားရမည်။ ငွေများများဝင်လာမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ ရန်ဖြစ်စရာများနှင့် ကြုံတွေ့ရမည်။ အမြန်ပြီးစီးရမည့်လုပ်ငန်းများ ဆောင်ရွက်ပေးရမည်။

**ယတြာ။ ။ သစ်သီးဖျော်ရည် ဒါနပြုလိုက်ပါ။**

### စနေ



နီးစပ်သောသူများ၊ ဆွေမျိုးများကြောင့် ငွေကြေးနှင့်လုပ်ငန်းများ အဆင်ပြေမည်။ တွင်းထွက်ပစ္စည်းများ၊ ရေနံ၊ လောင်စာ၊ ထင်း၊ မီးသွေး၊ ဟောင်းနွမ်းပစ္စည်းများကြောင့် ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ တောင်ဘက်အရပ်သို့ စီးပွားရေးကိစ္စကြောင့် ခရီးသွားရမည်။ ကျန်းမာရေးညံ့နေမည်။

**ယတြာ။ ။ ထောပတ်သီး ဒါနပြုလိုက်ပါ။**

---

အတွေးနှင့်ရသ

# လူနှင့်စည်းကမ်း

မောင်မြင့်အောင်

**ယခင်ကာလများက ဆွေမျိုးညီအစ်ကိုမောင်နှမများ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို လူကြုံကတစ်ဆင့် မာကြောင်းသာကြောင်း မေးရသည်။ ကြေးနန်းရိုက်ရသည်။ အမြန်ချောပို့နှင့်ဆက်သွယ်ရသည်။ ယခုအခါ လူတိုင်းကိုင်နိုင်သော မိုဘိုင်းဖုန်းလေးများ၏ ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်တချို့ကို အလွယ်တကူ သိနိုင်လာသည်။**

အထူးသဖြင့် နယ်မှာနေသော ဆွေမျိုးညီအစ်ကိုမောင်နှမများ၏ ကိုယ်ရေးကိုယ်တာကိစ္စများပင် ဖြစ်သည်။ လွန်ခဲ့သောလက ရေးဖော်စာရေးဆရာတစ်ယောက် ဆေးရုံတက်ရသည်။ ကျွန်တော်မသိသဖြင့် မသွားနိုင်ခဲ့ပေ။ သို့သော် သိသည့်အချိန်ရောက်တော့လည်း ထိုဆရာက ဆေးရုံမှဆင်းသွားပြီဖြစ်၏။

နောက်တစ်လလောက်ရောက်သောအခါ သူကွယ်လွန်သွားခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်မိသည်။ ထို့ကြောင့် ရင်းနှီးသောအသက်ကြီးသည့် ဆရာသမား မိတ်ဆွေများကို မာကြောင်းသာကြောင်း မကြာခဏဖုန်းဖြင့် လှမ်းမေးရသည်။

မကြာခင်ကလည်း ရွာမှာနေသော အမျိုးတစ်ယောက်က ဖုန်းဆက်သည်။ 'ဘကြီးအောင်' နေမကောင်းသဖြင့် ရန်ကုန်ရောက်နေကြောင်းနှင့် ဆေးရုံတင်ထားသည့်အကြောင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကလည်း 'ညနေဆေးရုံလာခဲ့မည်'ဟု ကတိပေးလိုက်သည်။

× × ×

ဘကြီးအောင်ဆိုသူမှာ အဖေ့၏ညီဖြစ်သည်။ ရွာမှာလယ်လုပ်သည်။ ရေးတတ် ဖတ်တတ်လောက်သာတတ်ပြီး စည်းကမ်းကြီးသည်။ စာဖတ်သည်။ ထို့ကြောင့် မည်သည့်နေရာရောက်ရောက် သတိပေးစာတန်းရှိလျှင် ဖတ်ပြီးအတိအကျလိုက်နာသည်။ ရန်ကုန်ကိုလည်း တစ်ခေါက်မျှမရောက်ဖူးပေ။ ထို့ကြောင့် သူနေကောင်းလျှင် 'ရွှေတိဂုံဘုရားလိုက်ပို့မည်'ဟု စိတ်ကူးထားလိုက်၏။

ဘကြီးအောင်က ရိုးသည်။ အေးသည်။ စကားလည်းနည်းသည်။ ကျွန်တော်က ရွာကို တစ်နှစ်တစ်ခါရောက်သည့်အပြင် ရောက်သွားတိုင်းလည်း သူ့အတွက် လက်ဆောင်ပစ္စည်းအမြဲပါသဖြင့် တခြားသူတွေထက် ကျွန်တော့်ကိုပိုခင်သည်။

ကျွန်တော်ဆေးရုံရောက်သွားသည့်အခါ ဧည့်ဝင်ချိန်ရောက်ရန် မိနစ် ၂၀ လောက် လိုသေးသဖြင့် လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းပြီး တရားဝင်ဧည့်သည်နှင့်ဝင်တွေ့နိုင်သည့်အချိန်ကို စောင့်နေလိုက်သည်။ တချို့က တံခါးစောင့်နှင့် အပေးအယူလုပ်ပြီး ဝင်ကြသည်။ ကျွန်တော်က ထိုပုံသေနည်းအဟောင်းကိုရွံသဖြင့် အသုံးမပြုခဲ့ပေ။ ဆေးရုံဆိုသည်မှာ အပျော်တွေနှင့်လာကြခြင်းမဟုတ်ပေ။ သောကတွေ၊ မျက်ရည်တွေနှင့် လာကြသူများဖြစ်သောကြောင့် ယခုလို အခွင့်အရေးယူခြင်းကို ကျွန်တော်လက်မခံနိုင်ပေ။

× × ×

သည်လိုနှင့် တရားဝင် အများဝင်ခွင့်ရသည့်အချိန်တွင် ဆေးရုံပေါ်သို့ ရောက်သွားသည်။ ခုတင်နံပါတ် အခန်းနံပါတ်များကို သိထားသဖြင့် ရှာရတာလွယ်သည်။ ဘကြီး၏သားအောက်ဆင်းသွားသဖြင့် ဘကြီးအောင်တစ်ယောက်တည်း ဧည့်သည်ထိုင်သည့်ခုံလေးပေါ်မှာ ထိုင်နေ၏။

"ဘကြီးမှတ်မိတယ်နော်"

"မှတ်မိပါတယ်ကွာ၊ တို့အမျိုးထဲမှာ စာရေးဆရာဆိုလို့ မင်းတစ်ယောက်တည်းရှိတာ"

ထို့နောက် ဘကြီးက သူထိုင်နေသည့်နှစ်ယောက်ထိုင်ခုံလေးကို တစ်ဖက်ကျုံ့ကာ ကျွန်တော်ကိုထိုင်ခိုင်း၏။ ကျွန်တော်က "ဘကြီးခုတင်ပေါ်မှာ ထိုင်ပါလား"ဟု ဆိုသောအခါ ငြင်းသည်။ ပြီးမှ ခုတင်ခေါင်းရင်းမှာ ရေးကပ်ထားသော စည်းကမ်းချက်တစ်ခုကို လက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်ဖတ်လိုက်သည်။

'လူနာ ခုတင်ပေါ်မထိုင်ရ'

■

---

လက်လုပ်လက်စား သူတို့စကား

အိမ်ခေတ်မှူး (ရွှေ)

# စိတ်ခွန်အားအတွက် ဆေးတစ်ခွက်

**ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဂေါ်ဒူးကျေးရွာသို့ စာပေခရီးရောက်ခဲ့သည်။ အိမ်ခြေ ၂၀၀ ကျော်ရှိသည့် ပင်လယ်တံငါရွာလေးဖြစ်ပြီး ရွာသားများစည်းလုံးညီညွတ်ကြသည်။ ရွာဓလေ့အတိုင်း ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ရွာထဲတွင်လျှောက်ရောင်းကြသည်။ မြန်မာမုန့်ကြိုက်သဖြင့် မုန့်လုံးရေပေါ်ဝယ်ယူအားပေးရင်း သိလိုသမျှ မေးမြန်းကြည့်မိသည်။**

"ကျွန်မနာမည်က ဒေါ်မြင့်။ အသက် ၅၀ ကျော်ပါပြီ။ မိသားစုတွေက အလုပ်ကိုယ်စီလုပ်ကြတယ်။ ကျွန်မကတော့ မြန်မာ့မုန့်မျိုးစုံ ကိုယ်တိုင်လုပ်ရောင်းတယ်။ ကျောင်းဖွင့်ချိန်ဆိုရင် ကျောင်းမှာရောင်းတယ်။ အော်ဒါမှာရင်လည်း လိုက်ပို့တယ်။ မနက်ပိုင်း တစ်ချိန် ၃၀၀၀ ကျပ်လောက်တော့ရတယ်။ နေ့လယ်မှာ ငါးရွေးတာ၊ ငါးနဲ့ပုစွန်ခြောက်လှန်းတာ ခေါ်ခေါက်လိုက်လုပ်တယ်။ ဆောင်းနဲ့



နွေရောက်စမှာဆိုရင် ရန်ကုန်တက်ပြီး မျှင်ငါးပိငါးခြောက်နဲ့ ပုစွန်ခြောက်ရောင်းတယ်။ ရေထွက်ပစ္စည်းက ကိုယ်ကျွမ်းကျင်တဲ့အလုပ်ဆိုတော့ အဆင်ပြေပါတယ်။ အချို့ကတော့ ဒီအလုပ်အဆင်မပြေရင် တခြားအလုပ်လျှောက်လုပ်တယ်။ ကိုယ်မကျွမ်းကျင်ဘဲ ဟိုစပ်စပ် သည်စပ်စပ် လုပ်ရင် နေရာတိုင်းလိုက်တူးတဲ့ ရေတွင်းတူး သမားလိုပဲ။ ရေမထွက်ဘဲ စိတ်ညစ်စရာပဲ ကြုံရမယ်။ မကျွမ်းကျင်ရင် လေ့လာသင်ယူရမှာပဲ။ ကျွန်မတို့ တံငါရွာမှာ ငါးဖမ်းထွက်ကြတဲ့သူတိုင်း လှေကို အရင်ဆုံး ဂရုစိုက်ကြရတယ်။ လှေဝမ်းပေါက်က ရေဝင်ပြီးနစ်သွားရင် ကိုယ်ဖမ်းထားတဲ့ငါးမှန်သမျှ ဆုံးရှုံးရစမြဲ ပါပဲ။ ဒါကြောင့် ကိုယ့်အလုပ်ကို အတတ်နိုင်ဆုံး ကောင်းအောင်၊ အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်ဆောင်နေသမျှ ကိုယ့်ကိုမှီခိုတဲ့ မိသားစုလည်း ဒုက္ခမရောက်နိုင်ဘူး လို့ ပြောချင်ပါတယ်"

သူ၏စကားသံများက ဘဝအတွက် စိတ်ခွန်အားဆေးတစ်ခွက်ပမာ ဆိုချင်ပါသည်။

■

### ကျောဖုံး – သိန္နီမြို့နယ်မှ

ကွဲမွေးမြူထားရှိမှုများနှင့် မြက်ချဉ်ဖတ်ပြုလုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဓာတ်ခွဲခန်း၊ အပင်ပိုးမွှားဓာတ်ခွဲခန်းနှင့် Plant Quarantine သို့ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရှင်းလင်းပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့နယ် နောင်ဖေ့ကျေးရွာအုပ်စု လွယ်လမ့်ကျေးရွာရှိ "ရွှေကောင်းကင် Livestock Development Co.,Ltd ၏ အစာစပ်စက်ရုံနှင့် "မြန်မာ့ရွှေဇရာပြောင်းအခြောက်ခံစက်ရုံ"များသို့ ရောက်ရှိကြပြီး စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒေသနေ တိုင်းရင်းသားတောင်သူများ၊ စက်ရုံ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်အစာများကို ပြည်တွင်း၌ ပြည့်စုံဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားသည်။

MOALI ပြန်ကြားရေး

## ငမြှောင်တောင်ပိုး ကြိုတင်ထိန်းချုပ်ကာကွယ်ရေး ပညာပေး ဆွေးနွေး

စစ်ကိုင်း မေ ၈

**စစ်ကိုင်း** တိုင်းဒေသကြီးအတွင်း မိုးအစေ့ထုတ်ပြောင်းစိုက်ဧက အများဆုံးဖြစ်သည့် တန့်ဆည်မြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်များတွင် (Fall Army Worm) ငမြှောင်တောင်ကာကွယ်ရေးပညာပေးဆွေးနွေးပွဲများကို မေ ၈ ရက်နှင့် ၉ ရက်များက ကျင်းပသည်။ ပညာပေးဆွေးနွေးပွဲများတွင် စိုက်ပျိုးရေး ပညာရှင် ဒေါက်တာမြင့်သောင်းက ငမြှောင်တောင်မျိုးစိတ်အသစ်အကြောင်းနှင့်စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ ဒေါက်တာ ကျင်ကျင်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်တို့က ပညာပေးဆွေးနွေးကြပြီး စိုက်ပျိုးရေးဝန်ထမ်း ၇၄ ဦးနှင့် အစေ့ထုတ်ပြောင်းစိုက်တောင်သူ ၁၂၄ ဦးတို့ တက်ရောက်ကြသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန



### ကျောဖုံး – မကွေးတိုင်း မှ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတိုးမင်းက အခမ်းအနားနှင့်ပတ်သက်၍ Network Activies Group (NAG) မှ Program Quality and Learning Manager ဦးယဉ်ငြိမ်းက တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ပေါ်ပေါက်လာပုံနှင့် ပြည်သူနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ A bank၊ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့နှင့် တောင်သူကိုယ်စားလှယ်များက စိုက်ပျိုးစရိတ်ချေးငွေချေးယူမှုဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးကြသည်။ (ပုံ)



Network Activies Group (NAG) ၏ စီမံကိန်းဒေသများဖြစ်သည့် မကွေး၊ မင်းဘူး၊ နတ်မောက်၊ မင်းလှမြို့နယ်များမှ ကျေးရွာ ၅၉ ရွာရှိ၊ တောင်သူ ၃၄၀၅ ဦး၏ စိုက်ဧက ၁၆၁၉၄ ဧက အတွက်၊ စိုက်ပျိုးစရိတ်အတွက် တစ်ဧကလျှင် ငါးသောင်းကျပ်နှုန်းဖြင့် ၈၀၉၇၀၀၀၀၀ ကျပ်နှင့်သွင်းအားစုများအတွက် ၁၆၇၂၄၇၆၇၂ ကျပ်တို့အတွက် စုစုပေါင်းချေးငွေ ၉၇၆၉၄၇၆၇၂ ကျပ်ကို ပေးအပ်သည်။ အတိုးနှုန်းမှာ တစ်ကျပ် ၄၇ ပြားနှုန်းဖြစ်သည်။ ထို့နောက် Abank မှ တာဝန်ရှိသူတစ်ဦးက ချေးငွေထုတ်ယူခြင်း၊ ပြန်ဆပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး DaNa Facility၊ Network Activies Group (NAG) နှင့် မြင့်မြတ်တော်ဝင်လုပ်ငန်းစုတို့က အသီးသီးဆွေးနွေးပြောကြားကြပြီး တာဝန်ရှိသူအသီးသီးက ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ကျေးဇူးတင်စကားပြောကြားကြသည်။

မော်မော်ဝင်း (စိုက်ပျိုးရေး)

## ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တောင်သူများ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ လေ့လာ



ရေဆင်း မေ ၁၀

မြန်မာ့ကျေးရွာသစ်လွင်ရေးမှ စီမံကိန်းအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တောင်သူ ၁၁၀ ဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ လာရောက်လေ့လာရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်းနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မျိုးစေ့ဘဏ်ပြခန်း ၁ အတွင်းရှိ စပါး၊ ပြောင်းနှင့် အခြားနှံစား၊ ပဲမျိုးစုံ၊ ဆီထွက်နှင့် စက်မှုသီးနှံ၊ သီးနှံစိုက်ပျိုးရေးစနစ်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြခန်းများ၊ မြေဆီလွှာသုတေသနပြကွက်၊ ရေအသုံးချရေး၊ အပင်ရောဂါ၊ ပိုးမွှား၊ ဓီဝနည်းပညာ၊ စပါးဓီဝဥယျာဉ်သုတေသနပြခန်းများနှင့် မျိုးစေ့ဘဏ်ပြခန်း ၂ ၌ ထိန်းသိမ်းသိုလှောင်ထားသော သီးနှံမျိုးရိုးဗီဇကွဲများကို ရှင်းလင်းပြသကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

## ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တောင်ကြီးတွင် ဆွေးနွေး



တောင်ကြီး မတ် ၂၅

**ရှမ်း** ပြည်နယ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် သမဝါယမသင်တန်းကျောင်း (တောင်ကြီး) တွင် ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းနှင့် သမဝါယမသင်တန်းကျောင်း (တောင်ကြီး)မှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ် ၁၅ ခုရှိ အခြေခံသမဝါယမအသင်း ၅၂ သင်းတို့မှ အမှုဆောင်နှင့်အသင်းသားများ တက်ရောက်ကြသည်။

သမဝါယမ

## စစ်တွေမြို့နယ် ကန့်ကော်ကျွန်းကျေးရွာ မျိုးစေ့ထုတ်လုပ်သူများအသင်းသို့ IRRI က ထောက်ပံ့ပစ္စည်းများ ပေးအပ်



**စစ်တွေ** မြို့နယ် ကန့်ကော်ကျွန်းကျေးရွာတွင် ဆောင်ရွက်နေသည့် မျိုးစေ့ထုတ်လုပ်သူများအသင်း (SGA) သို့ ဂျပန်နိုင်ငံ၏ အထောက်အပံ့ဖြင့် UN Women က ကြီးကြပ်ကာ IRRI က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Joint Programe Inclusive Development and Empowerment of Women in Rakhine State စီမံကိန်း မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသူ တောင်သူ ၆၃ ဦးတို့အတွက် လယ်ယာသုံးစက်ကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ၂၉-၃-၁၉ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိုက်စိုးက ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူ ၉၈ ဦး တက်ရောက်ကြသည်။

ပြည်နယ်စိုက်ပျိုးရေး

# သိန္နီမြို့နယ်နှင့်မူဆယ်မြို့နယ်များအတွင်း စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

**ရာသီ** ဥတု ဖောက်ပြန်ပြောင်းလဲလာခြင်းနှင့်အတူ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှုများသည် သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိရာ စိုက်ကွင်းများအား မျက်ခြည်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီ ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် သိန္နီမြို့နယ် အောင်မင်္ဂလာခန်းမတွင် ပြုလုပ်သော မိုးသီးနှံများ (FAW) ငမြောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် သွင်းအားစုပံ့ပိုးပစ္စည်းများ ထောက်ပံ့ပွဲနှင့် GAP လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။




အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသနေတောင်သူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆေးဖျန်းပုံးနှင့်ဆေးဖျန်းဝတ်စုံများကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ပိုးသတ်ဆေးများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တောင်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ပုံများ)

ဆက်လက်၍ C.P ကုမ္ပဏီမှ လှူဒါန်းသော အစေ့ထုတ်ပြောင်းမျိုးစေ့များနှင့် ဓာတ်မြေဩဇာများကို အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က လည်းကောင်း၊ GAP အသိအမှတ်ပြုလက်မှတ်များကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရှမ်းပြည်နယ်သည် ပြောင်းသီးနှံ အများဆုံး စိုက်ပျိုးသည့် ဒေသဖြစ်ပြီး ၂၀၁၈ မိုးရာသီတွင် ပြောင်းစိုက်ဧက ခုနစ်သိန်းခန့်ရှိခဲ့သည်။ စပါး၊ နှံစားပြောင်း၊ ကြံ၊ ဟင်းသီး ဟင်းရွက်များ အပါအဝင် သီးနှံမျိုးစိတ် ၈၀ မျိုးခန့်တွင် ကျရောက်နိုင်သည့် ဖောင်မြောင်တောင်ပိုးသည် ပြောင်းဖူးကို ပိုမိုနှစ်သက်ရာ မြန်မာနိုင်ငံအနှံ့ ပြောင်းဧက ၁၃၀၀၀၀ တွင် ကျရောက်ဖျက်ဆီးခဲ့ကြောင်း၊ ဖောင်မြောင်တောင် ကျရောက်ဖျက်ဆီးမှုကို သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်များရှိ သီးနှံကာကွယ်ရေးနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အချိန်မီကွင်းဆင်း ကာကွယ်နှိမ်နင်းခြင်း၊ ပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဥမြုံနှင့် လောက်ကောင်များ ကောက်ယူဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ပညာပေးဗွီနိုင်းပိုစတာများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည့်နည်းတူ ဖောင်မြောင်တောင်ကျရောက်သည့်ဒေသများသို့ ဓာတုပိုးသတ်ဆေး၊ နည်းပညာများ ထောက်ပံ့ပေးခဲ့ပြီး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် ရွှေလီရတနာအစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရန်၊ မြစိမ်းရောင်ကျေးရွာ (အသားကဏ္ဍ) များ ဆက်လက်ဖော်ဆောင်ရန်၊ နယ်စပ်ဒေသတွင် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန်နှင့် ဝန်ထမ်းအင်အားဖြည့်တင်းသွားရန်၊ နယ်စပ်ဂိတ်ပေါက်များမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင်ဝင်ရောက်မှု ကာကွယ်တားဆီးခြင်းကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင်အနီး "နမ္မတူမိသားစုနို့စားနွားမွေးမြူရေးခြံ"သို့သွားရောက်၍ နို့စားနွားနှင့် နို့စား

စာ - ၁၉ သို့




# စက်မှုလယ်ယာဝန်ထမ်းဟောင်းများပူဇော်ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၈

**စက်မှု** လယ်ယာဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်းမှ စတုတ္ထအကြိမ်အသက် ၇၅ နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများအား ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒဂုံမြို့သစ် မြောက်ပိုင်း ၄၅ ရပ်ကွက် ဆည်မြောင်းလမ်းရှိ သာသနဟိတကာရီဓမ္မာရုံတွင် ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ ဥက္ကဋ္ဌ ဦးမြင့်သူက ဂါရဝပြုစကားပြောကြားသည်။ (ပုံ)

ထို့နောက် အငြိမ်းစားဝန်ထမ်းများကိုယ်စား ဦးသန်းလှိုင်က မုဒိတာစကားပြောကြားကာ ကန်တော့ခံ ၇၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ကန်တော့ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ဇော်မိုးအောင် (စိုက်ပျိုးရေး)

# မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A bank တို့ စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ ကျင်းပ

မကွေး ဧပြီ ၁၀

**တိုင်း** တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A bank တို့ စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၈ နာရီခွဲကကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး အမှတ် ၁ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ ရေနံချောင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ စိုက်ပျိုးရေး



ဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်း၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင်မှ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ တိုင်းစိမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့၊ အာမို၊ ကီရာ၊ ယာရာ၊ တော်ဝင်အောင်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြင့်မြတ်တော်ဝင်လုပ်ငန်းစုမှ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ A bankမှ ဦးစောဒီးနိုကူးနှင့်ဝန်ထမ်းများ၊ DaNa Facility၊ ICCO၊ Network Activities Group (NAG) မှ တာဝန်ရှိသူများ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ နတ်မောက်မြို့နယ်များမှ တောင်သူကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ကြသည်။

စာ - ၁၉ သို့